# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၅၅)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ ၂၄–၁၁–၂၀၂၄၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါးစည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၃ သို့ ✪

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။


မိုး/ဓလ

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၂၅ ရက်တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ-သီရိလင်္ကာနိုင်ငံ ကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဓလ



၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ တနင်္ဂနွေနေ့။

## အားကစားပညာနှင့် လူမှုရေးပညာမဟာဌာနများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

Naypyitaw State Academy ကို Faculty System ဖြင့် မဟာဌာနကြီးခုနစ်ခုဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ရာ စတင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဝိဇ္ဇာပညာမဟာဌာန၊ သိပ္ပံပညာမဟာဌာန၊ စီးပွားရေးပညာမဟာဌာန၊ ဥပဒေပညာမဟာဌာနဟူ၍ မဟာဌာနကြီးလေးခုကို ဖွင့်လှစ်ခဲ့သည်။ ထို့ပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဆေးပညာမဟာဌာနကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုနှစ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မဟာဌာနကြီးနှစ်ခုဖြစ်သည့် အားကစားပညာမဟာဌာနနှင့် လူမှုရေးပညာမဟာဌာနတို့ကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ အားကစားပညာဘာသာရပ်ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကစပြီး ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပါကြောင်း၊ ယခုပညာသင်နှစ်တွင် Naypyitaw State Academy အားကစားပညာမဟာဌာနကို ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်နိုင်ပြီဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူမှုရေးပညာမဟာဌာနကို ဖွဲ့စည်းတည်ထောင်ပြီး မြန်မာနိုင်ငံတွင် လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ပတ်သက်သည့် လူမှုရေးကိစ္စရပ်များကို လူမှုဝန်ထမ်းနည်းစနစ်များနှင့် စနစ်တကျစီမံဆောင်ရွက်နိုင်သည့် လူမှုရေးပညာဘွဲ့ရ ပညာတတ်များကို ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နိုဝင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် အဆိုပါတက္ကသိုလ်တွင် ကျင်းပသည့် Naypyitaw State Academy တွင် အားကစားပညာမဟာဌာနနှင့် လူမှုရေးပညာမဟာဌာန ဖွင့်လှစ်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ယင်းနှင့် ဆက်စပ်လျက်ရှိသော အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အဓိကကျသော လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာ ဘွဲ့ကြိုသင်တန်းကိုလည်း ယခုပညာသင်နှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခုပညာသင်နှစ်တွင် Naypyitaw State Academy၌ ဘွဲ့လွန်မဟာတန်းများကိုလည်း စတင်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်၍ Naypyitaw State Academy တွင် ကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်း ၁၅၀၀ ဝန်းကျင်ခန့်ကို လက်ခံသင်ကြားပေးလျက်ရှိပြီ ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အားကစားပညာ၊ လူမှုရေးပညာနှင့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုစီမံခန့်ခွဲမှုပညာဘာသာရပ်များသည် ယခုပညာသင်နှစ်မှ အသစ်စတင်ဖွင့်လှစ်သည့် ဘာသာရပ်များဖြစ်သော်လည်း ကျောင်းသား၊ ကျောင်းသူများက လက်ခံနိုင်မည့် ဦးရေအင်အားအပြည့် လျှောက်ထားလာကြောင်း ရေးသားလိုက်ရပေသည်။

## မေတ္တာစမ်းရေမဂ္ဂဇင်းအတွက် စာမူများ အချိန်မီပေးပို့နိုင်ရန် ဖိတ်ခေါ်

**မန္တလေး နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအနေနှင့် မေတ္တာစမ်းရေ နှစ်ပတ်လည် မဂ္ဂဇင်းကို နှစ်စဉ် ပုံမှန်ထုတ်ဝေလျက်ရှိပါသည်။

၂၀၂၅ ခုနှစ် ဧပြီလတွင် ထုတ်ဝေမည့် မေတ္တာစမ်းရေ မဂ္ဂဇင်းအမှတ်စဉ်(၂၁)ကို ပိုမို၍ ရသစုံလင်စေရန်အတွက် စာပေပညာရှင်များအနေဖြင့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများ ရေးသားပေးပို့ကြပါရန်နှင့် ရေးသားထားသော ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ နောက်ဆုံးထားပြီး မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး၊ လမ်း ၆၀ နှင့် ၃၅ လမ်းထောင့်၊ ပြည်ကြီးမျက်ရှင်၊ နဂါးရပ်ကွက်သစ်၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း ၀၂-၄၀၃၉၆၂၉၊ ၀၉-၆၉၁၅၈၆၈၃၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်ရန် စာမူများ ဖိတ်ခေါ်ထားကြောင်း သိရသည်။ PNT




## မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း အဌမအကြိမ်မြောက် ငါးမျိုးစိုက်ထည့်

**မန္တလေး နိုဝင်ဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာ အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ ၂၂ လမ်းထိပ်၊ ကျွဲစွန်းဆိပ်ကမ်း၌ ကျင်းပပြုလုပ်သည်။

(အပေါ်ပုံ)

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသံချောင်း၊ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် အဖွဲ့ဝင်များ၊ ပုသိမ်ကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေ၊ ငါးလုပ်ငန်းနတ်ရေကန်စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၄၇၉၀၀၀ ကောင်တို့အား စုပေါင်းစိုက်ထည့်ကြသည်။

အောင်မြေသာစံခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့သည်မှာ ယခုအကြိမ်သည် အဌမအကြိမ်မြောက်ဖြစ်ပြီး ငါးမြစ်ချင်း ၂၃၇၉၀၀၀၊ ငါးခုံးမ ၂၀၅၈၀၀၀၊ ရွှေဝါငါးကြင်း ၈၆၀၀၀၀ အပါအဝင် စုစုပေါင်း ကောင်ရေ ၅၂၉၇၀၀၀ ကောင် စိုက်ထည့်ပြီးဖြစ်ကြောင်း သိရသည်။ (ဝ၉၃)

## မန္တလာသီရိအားကစားကွင်းတွင် မသန်စွမ်းသူများ အားကစားပြိုင်ပွဲများ ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၂၃**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်၊ မသန်စွမ်းအားကစားပြိုင်ပွဲများကို ဒီဇင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိအားကစားကွင်း၌ ကျင်းပပြုလုပ်ပေးမည်ဖြစ်သည်။

အဆိုပါ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် သံလုံးပစ်၊ သံပြားပစ်၊ ဗိုးချဲ၊ လှံတံပစ်၊ စစ်တုရင်၊ ဂိုးဘောလ်၊ အပြေးမီတာ(၁၀၀)၊ အပြေးမီတာ(၅၀) အစရှိသည့် အားကစားနည်းများ ပါဝင်မည်ဖြစ်ပြီး ကိုယ်အင်္ဂါ မသန်စွမ်းများအတွက် ဗိုးချဲ၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်တို့ကိုလည်းကောင်း၊ အကြားအာရုံမသန်စွမ်းများအတွက် မီတာ ၁၀၀ (ကျား)၊ မီတာ ၅၀ (ကျား)၊ မီတာ ၅၀ (၃)တန်း(မ) အပြေးပြိုင်ပွဲတို့ကို လည်းကောင်း၊ ဉာဏ်ရည်မသန်စွမ်းများအတွက် မီတာ ၁၀၀(ကျား) အပြေး၊ မီတာ ၅၀ အပြေး၊ မီတာ ၁၀၀ လမ်းလျှောက်၊ မီတာ ၅၀ (မ)အပြေး၊ မီတာ ၅၀(မ) လမ်းလျှောက်တို့ကို လည်းကောင်း၊ အမြင်အာရုံ မသန်စွမ်းများအတွက် ဂိုးဘောလ် (ကျား/မ)မီတာ ၁၀၀၊ သံလုံးပစ် (ကျား/မ)၊ သံပြားပစ် (ကျား/မ)၊ လှံတံပစ်၊ စစ်တုရင်ပြိုင်ပွဲတို့ကို လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဗထူးကွင်းနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ လမ်း ၃၀ နှင့် ၆၃ လမ်းထောင့်တို့တွင် နိုဝင်ဘာ ၂၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ဝ၉၃)

## အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရေနံချောင်း နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက အ.ထ.က(ဝက်ချုပ်)ကျောင်းတွင် ကျင်းပသည်။

(ယာပုံ)

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ကျောင်းသား၊ ကျောင်းသူလေးများ သိရှိပြီး အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းစေရန် အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးလက်ကမ်းစာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူလေးများအား အခမဲ့ဖြန့်ဝေပေးခဲ့ပြီး (၁၀၄) နှစ် မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်များ ခင်းကျင်းပြသခဲ့ကြသည်။

လက်ကမ်းစာစောင်တွင် ၂၀၂၄ ခုနှစ် (၁၀၄)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ အမျိုးသားနေ့ ပေါ်ပေါက်လာပုံသမိုင်းကြောင်း၊ အမျိုးသားညီညွတ်ရေးဆောင်းပါးနှင့် မွေးရာပါအမျိုးသားရေးတာဝန်၊ အမျိုးသားရေးစိတ်ဓာတ်အားမာန်ဆောင်းပါး၊ ဗြိတိသျှတို့ ပြဋ္ဌာန်းသော ကျွန်ပညာရေးဥပဒေ၊ မြင်းမူ မောင်နိုင်မိုး ရေးသားသည့် အမျိုးသားအောင်ပွဲနေ့ ကဗျာစသည့် အသိပညာပေး အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

(၄၇၂)

ဝ-ဝ-ဝ-ဝ-ဝ



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

**ရွှေဖုံးမှ**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကဝိန္ဒက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ က လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယ က လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။ ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီ၌ ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ဆဋ္ဌအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလ က လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အတည်ပြုချက်ရယူပြီး အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက စတ္တာလီသတိမ အကြိမ်(၄၀)မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**






အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

## (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**မြင်းခြံ နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျရောက်မည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမတွင် ကျင်းပသည်။



**(အောက်ဝဲပုံ)**

အခမ်းအနားတွင် ခရိုင်တာဝန်ခံ ပညာရေးမှူး ဦးထိန်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ဆုချီးမြှင့်ပေးအပ်သည်။

ဆုချီးမြှင့်ပေးအပ်ပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်၊ စာစောင်များ ခင်းကျင်းပြသထားရာ တက်ရောက်လာသော တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

(၃၆၆)

## မြစ်သားမြို့နှင့် ကူမဲမြို့များရှိ အခြေခံပညာအထက်တန်းကျောင်းများအား ကွင်းဆင်းစစ်ဆေး

**မြစ်သား နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နှင့် ကူမဲမြို့များရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ ကျောင်းမုန့်ဈေးတန်းများတွင် မူးယစ်ဆေးဝါးနှင့် မလွတ်ကင်းသည့် ဆေးဝါးများရောင်းချမှု ရှိ၊ မရှိ အခြေအနေများကို နိုဝင်ဘာ ၂၂ ရက်က လိုက်လံကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာသို့ မြစ်သားမြို့နယ် မြို့မရဲစခန်းမှ မြို့နယ်စခန်းမှူး ဒုတိယရဲမှူး မင်းမင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝေယံစိုးနှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ မြစ်သားမြို့ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် ဆရာများ၊ မြို့မအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းရီနှင့် ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် မြစ်သားမြို့နှင့် ကူမဲမြို့များရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ ကျောင်းမုန့်ဈေးတန်းများတွင် မူးယစ်ဆေးဝါးနှင့် မလွတ်ကင်းသည့် ဆေးဝါးများရောင်းချမှု ရှိ၊ မရှိ အခြေအနေများအား လိုက်လံကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် "မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ" ကို Website နှင့် Mobile Application တို့တွင် လေ့လာဖတ်ရှုနိုင်ပြီ

နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် **"မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ"** အပေါ် စုံစမ်းစစ်ဆေးတွေ့ရှိ ချက်များနှင့်စပ်လျဉ်းသည့် Website နှင့် Mobile Application တို့ကို နိုဝင်ဘာ ၂၂ ရက်တွင် လွှင့်တင်ထားပြီးဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများအနေဖြင့် လေ့လာဖတ်ရှုနိုင်ပြီဖြစ်သည်။

အဆိုပါ Website နှင့် Mobile Application တို့တွင် ရွေးကောက်ပွဲအကြိုကာလ၌ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲအလွန် ကာလဖြစ်စဉ်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းစိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပေါ် သုံးသပ်ချက်၊ မှတ်တမ်းဓာတ်ပုံများစသည်ဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို တစ်နေရာတည်းတွင် ကဏ္ဍစုံလင်စွာ လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် စသည့် ဘာသာစကား ငါးမျိုးဖြင့် လွှင့်တင်မည်ဖြစ်ရာ လေ့လာဖတ်ရှုလိုသူများသည် https://2020election.uec.gov.mm တွင်လည်းကောင်း၊ Mobile Application ကို အဆိုပါ Website တွင် Download ရယူ၍လည်းကောင်း လေ့လာဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ သတင်းစဉ်




# အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ စစ်ဆေးအကဲဖြတ်ခြင်းသုတေသနလုပ်ငန်း၏ ပင်မစစ်ဆေးခြင်း စတင်ဆောင်ရွက်ခြင်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၃

အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ "Southeast Asia Primary Learning Metrics (SEA-PLM)"-2024 စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း၏ ပင်မစစ်ဆေးခြင်း (Main Survey) စတင်ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနရှိဦးစီးဌာနများမှတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ၊ SEA-PLM ဦးစီးကော်မတီ၊ နည်းပညာအဖွဲ့ဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်များ စစ်ဆေးအကဲဖြတ်ခြင်းတွင် ကျောင်းညှိနှိုင်းရေးမှူးများနှင့် စာမေးပွဲကြီးကြပ်သူများအဖြစ် ဆောင်ရွက်မည့် ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အရှေ့တောင်အာရှ မူလတန်းပညာ သင်ယူတတ်မြောက်မှုတိုင်းတာစစ်ဆေးရေးစံ SEA-PLM သည် မူလတန်းအဆင့်နောက်ဆုံးနှစ် (မြန်မာနိုင်ငံတွင် Grade-5) ကျောင်းသားများ၏ အရေး၊ အဖတ်၊ သင်္ချာနှင့် ကမ္ဘာ့သားကောင်းဖြစ်မှုစွမ်းရည်များနှင့် ၎င်းတို့အပေါ် သက်ရောက်နေသော အကြောင်းခြင်းရာများကို စစ်ဆေးတိုင်းတာနိုင်ရန်အတွက် အာဆီယံဒေသတွင်း ကျယ်ပြန့်သော ပညာရည်စစ်ဆေးမှုတစ်ခုဖြစ်ကြောင်း၊ မျှော်မှန်းချက်အနေဖြင့်အရှေ့တောင်အာရှမူလတန်းပညာသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ (SEA-PLM)သည် အာဆီယံဒေသတွင်း သင်ယူမှုအခြေအနေကို ထင်ဟပ်စေလျက် ၂၁ ရာစုကျွမ်းကျင်မှုများပါဝင်သည့် ပညာရည်စစ်ဆေးမှုကို ဖြည့်ဆည်းခြင်းအားဖြင့် ပိုမိုကောင်းမွန်တိကျသော သင်ယူမှုရလဒ်များ ဖြစ်ထွန်းလာစေမည်ဖြစ်ကြောင်း။

ဒုတိယအကြိမ် SEA-PLM 2024တိုင်းတာစစ်ဆေးမှုကို မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံ ခုနစ်နိုင်ငံ ပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SEA-PLM 2024 ပင်မစစ်ဆေးမှု (Main Survey) ၏ အချက်အလက်ကောက်ခံခြင်းလုပ်ငန်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိမြို့နယ် ၁၀၅ မြို့နယ်မှ ရွေးချယ်အခြေခံပညာကျောင်း၊ ပုဂ္ဂလိကကျောင်းနှင့် ဘုန်းတော်ကြီးသင်ကျောင်း ၁၉၂ ကျောင်းမှ ရွေးချယ်ထားသည့် Grade-5 ကျောင်းသား ၆၀၄၄ ဦးကို စာဖတ်စွမ်းရည် (Reading)၊ သင်္ချာစွမ်းရည် (Mathematics)၊ ကမ္ဘာ့သားကောင်းဖြစ်မှု (Global Citizenship) တို့ပါဝင်သော Text Booklets များ၊ မိဘစစ်တမ်းလွှာ (Parents Questionnaires) နှင့် ကျောင်းသားစစ်တမ်းလွှာ (Student Questionnaires) တို့ဖြင့် တစ်နိုင်ငံလုံး တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် စစ်ဆေးအကဲဖြတ်မှု သုတေသနလုပ်ငန်းကို နိုင်ငံတကာ သတ်မှတ်ချက်စံနှုန်းများနှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးသုတေသန၊စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထိုက်က အရှေ့တောင်အာရှ မူလတန်းပညာ သင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ(SEA-PLM) ၏ လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် အရှေ့တောင်အာရှမူလတန်းပညာသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ "Southeast Asia Primary Learning Metrics (SEA-PLM)"-2024 စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း၏ ပင်မစစ်ဆေးခြင်း (Main Survey) စတင်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တစ်ပွဲတည်း ငါးဂိုးသွင်းသူအဖြစ် မှတ်တမ်းဝင်ခဲ့သည့် ISPE တိုက်စစ်မှူး သိန်းဇော်သီဟ




ယနေ့ ညနေက သုဝဏ္ဏကွင်း၌ ISPE အသင်းနှင့် Dagon Port အသင်းတို့ ကစားခဲ့ကြပြီး ယင်းပွဲတွင် ISPE တိုက်စစ်မှူး သိန်းဇော်သီဟသည် ငါးဂိုးသွင်းယူခဲ့သည့်အတွက် ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် ဘောလုံးရာသီ၏ တစ်ပွဲတည်း ငါးဂိုးသွင်းသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယနေ့ ကစားခဲ့သည့် ISPE အသင်းနှင့် Dagon Port အသင်းတို့ပွဲတွင် ISPE အသင်းက ခုနစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ISPE အသင်းရရှိခဲ့သည့် သွင်းဂိုး ခုနစ်ဂိုး အနက် ငါးဂိုးကို သိန်းဇော်သီဟ တစ်ဦးတည်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယနေ့ ပွဲတွင် သိန်းဇော်သီဟသည် AYA Pay အကောင်းဆုံးကစားသမားဆုကို ထိုက်ထိုက်တန်တန် ရရှိခဲ့သလို ယခုနှစ် ဘောလုံးရာသီအတွက် တစ်ပွဲတည်းတွင် တစ်ဦးတည်းမှ ငါးဂိုးသွင်းယူခဲ့သော ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ပြင် သိန်းဇော်သီဟသည် ကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် AYA Pay အကောင်းဆုံးကစားသမားဆုကို နှစ်ကြိမ် ရရှိထားသည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။ *NGB*

သစ်ပင်
စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။

# အိန္ဒိယနိုင်ငံ ဗဟိုဘဏ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ဗဟိုဘဏ်များ၏ ကိုဗစ်အလွန် မူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၃

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့တွင် နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ အိန္ဒိယဗဟိုဘဏ် (Reserve Bank of India) က ကြီးမှူးကျင်းပသည့် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ဗဟိုဘဏ်များ၏ ကိုဗစ်အလွန် မူဝါဒပိုင်းဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ကမ္ဘာ့တောင်ဘက်ခြမ်း (Global South) မှ နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက်၊ ဘူတန်၊ နီပေါ၊ သီရိလင်္ကာ၊ မိုဇမ်ဘစ်၊ မဒါဂတ်စကားနှင့် ဇင်ဘာဘွေနိုင်ငံတို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြပြီး အိန္ဒိယဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ Head of Reserve Management Department ဌာနမှ အကြီးအကဲများ၊ Reserve Bank of South Africa၊ Bank of Namibia နှင့် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ဗဟိုဘဏ် အဆင့်မြင့်အရာထမ်းများ၊ နိုင်ငံတကာမှ ဘဏ်နှင့်ပတ်သက်သည့် ပြင်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ် (World Bank) နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး Panel Session ခုနစ်ခု ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ နိုင်ငံများတွင် ကိုဗစ် - ၁၉ ကပ်ရောဂါမဖြစ်ပေါ်မီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ကိုဗစ်ကပ်ရောဂါဖြစ်ပွားသည့်အချိန်အတွင်း နိုင်ငံ၏စီးပွားရေး လည်ပတ်မှုကောင်းမွန်စေရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာရန် ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ကိုဗစ်အလွန်ကာလတွင် နိုင်ငံတိုင်းသည် ငွေကြေးဖောင်းပွမှုနှုန်းနှင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှုရှိသည့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်ခဲ့သည့် အခြေအနေများပေါ်မူတည်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း မျှတမှုရှိစေရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဗဟိုဘဏ်များ၏ ငွေကြေးမူဝါဒဆိုင်ရာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုဆိုင်ရာ တိုးမြှင့်ဆောင်ရွက်ခြင်းမှတစ်ဆင့် စီးပွားရေးစနစ်အပေါ် အကျိုးသက်ရောက်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗဟိုဘဏ်ဥက္ကဋ္ဌများအကြား မူဝါဒပိုင်းဆိုင်ရာ အတွေ့အကြုံများဖလှယ်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ နိုင်ငံခြား အရန်ငွေထိန်းသိမ်းထားရှိမှုဆိုင်ရာ စီမံခန့်ခွဲခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြပ်မတ်ကွပ်ကဲသည့်လုပ်ငန်းစဉ်များနှင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ AI နည်းပညာ၏ ငွေရေးကြေးရေးကဏ္ဍအပေါ် သက်ရောက်မှုနှင့် ဒစ်ဂျစ်တယ်ငွေကြေးများ၏ အကျိုးသက်ရောက်မှုများခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။



အဆိုပါ မူဝါဒဆိုင်ရာဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး ခိုင်မာတောင့်တင်းမှုအခြေအနေအပေါ် ဆန်းစစ်ပြီး စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်စေသည့် လိုအပ်သော Policy ပံ့ပိုးမှုများဖြစ်သည့် ဈေးကွက်ပြန်လည်ရှင်သန်နိုင်ရေးအတွက် အတိုးနှုန်းမြှင့်တင်ခြင်း မပြုလုပ်ခဲ့ဘဲ ငွေရေးကြေးရေးကဏ္ဍ ခိုင်မာမှုအပေါ်မူတည်၍ သီးသန့်ငွေအချိုး မြှင့်တင်ခြင်း၊ ငွေကြေးလွယ်ကူမှုအတွက် SWAP/Repo Facility များ ပံ့ပိုးပေးခဲ့သည့် အခြေအနေများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် ဗဟိုဘဏ်က ဝင်ရောက်ထိန်းကျောင်းဆောင်ရွက်ခဲ့သည့် Intervention ပုံစံများ၊ ပြည်ပကုန်သွယ်မှုတွင် External Factors များ ကျော်လွှားနိုင်ရန် Dedollarization ကို အလေးထားဆောင်ရွက်ခဲ့ပြီး အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်ယွမ်၊ ထိုင်းဘတ်၊ အိန္ဒိယရူပီးတို့ဖြင့် ဒေသတွင်းသုံးငွေကြေးများဖြင့် ပြောင်းလဲကျင့်သုံးခဲ့သည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။

ယင်းနောက်ဆွေးနွေးပွဲတက်ရောက်လာသူများက မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် Local Currency Settlement အသုံးပြုဆောင်ရွက်နေမှု မေးမြန်းချက်အပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် အိန္ဒိယသမ္မတနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် Bilateral အစည်းအဝေးတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား အကောင်အထည်ဖော် ဆောင်ရွက်မည့် ဗဟိုဘဏ်ဝန်ထမ်းများ၏ Capacity Building ဆိုင်ရာကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားကုန်သွယ်မှုပြုရာတွင် Local Currency Settlement ဖြင့် တိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၈)ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၃



စင်ကာပူနိုင်ငံတွင် နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပသည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၈) ကြိမ်မြောက်အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ညှိနှိုင်းဆွေးနွေး

ယင်းအစည်းအဝေးနှင့် ဆက်စပ်၍ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး ဆွေးနွေးရန်ကျန်ရှိနေသည့် နယ်ပယ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ရာ ၉၇ ဒသမ ၂ ရာခိုင်နှုန်းအထိ ပြီးစီးခဲ့သည်။

အဆင့်မြင့်လုပ်ငန်း အဖွဲ့၏ (၁၈) ကြိမ်မြောက်အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်း ရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တီမောလက်စတေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးအတွင်း အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များသည် စင်ကာပူနိုင်ငံ၏ အက်စ်ရာဂျရပ်နမ် နိုင်ငံတကာလေ့လာရေးကျောင်း၊ ယူဆော့အီရှပ် သိပ္ပံနှင့် စင်ကာပူနိုင်ငံတကာရေးရာသိပ္ပံတို့မှ ကိုယ်စားလှယ်များနှင့် မျက်နှာစုံညီ ဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ရာ ကိုယ်စားလှယ်များက ၎င်းတို့ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ အာဆီယံအသိုက်အဝန်း (၂၀၄၅) ရေးဆွဲအကောင်အထည်ဖော်ရာတွင် အကြံပြုချက်များကို တင်ပြကြသည်။ ထို့ပြင် အာဆီယံဒေသတွင်းကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် ယင်းတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ရေးဆွဲလျက်ရှိသည့် ဗျူဟာမြောက် အာဆီယံလုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော်နိုင်ရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ဒုတိယဝန်ကြီးက အာဆီယံ၏ ထူးခြားသော သဘောသဘာဝအရ "အာဆီယံအချက်အချာကျမှု" ကို ပိုမိုကောင်းမွန်စွာကျင့်သုံးနိုင်ရေးအတွက် အာဆီယံအသိုက်အဝန်း၏ ဘဏ္ဍာရေးဆိုင်ရာ အမှီအခိုကင်းမှုကို ပိုမိုကြိုးပမ်းဆောင်ရွက်ရန် အကြံပြုပါကြောင်း၊ အာဆီယံ မျှော်မှန်းချက် ၂၀၄၅ ကို အကောင်အထည်ဖော်ရာတွင် ယနေ့လူငယ်များ၏ ပါဝင်မှုသည် အရေးပါမည်ဖြစ်ပါကြောင်း၊ အာဆီယံ အစည်းအဝေးများတွင် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှု၊ ပိုမို ပါဝင်ဆောင်ရွက်နိုင်မှုနှင့် တန်းတူညီမျှ ကိုယ်စားပြုမှုတို့ လိုအပ်ပါကြောင်း စသဖြင့် ဆွေးနွေးပြောကြားသည်။

လာမည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည့် (၁၉) ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံမဟာဗျူဟာမြောက် လုပ်ငန်းစဉ်များ ဆက်လက်ရေးဆွဲကာ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အချိန်မီအတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်တွင်းကြီးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး ကွင်းဆင်းဆောင်ရွက်

တောင်တွင်းကြီး နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ "မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ" အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးမြတ်စိုးက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစည်သူအောင်က မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်းအရာ သိကောင်းစရာများကို အသိပညာပေး ပြောကြားသည်။

မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မေးခွန်းများ မေးမြန်းခဲ့ကာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်များပေးအပ်ခဲ့သည်။

နောင်နောင် (ဗိသနိုးမြေ)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလာသီရိအားကစားကွင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)အဝင် တံတားပြီးစီးမှုနှင့် လမ်းခင်းကျင်းနေမှု၊ အင်းဝ-တံတားဦး ရှေးဟောင်းတံတားအခြေအနေတို့အား ကွင်းဆင်းစစ်ဆေး

မန္တလေး နိုဝင်ဘာ ၂၃

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မန္တလာသီရိအားကစားကွင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)အဝင် လမ်းခင်းကျင်းနေမှုနှင့် တံတားပြီးစီးမှု၊ အင်းဝမြို့နှင့် တံတားဦးမြို့သို့သွားသော ရှေးဟောင်းတံတားအခြေအနေ တို့အား ကွင်းဆင်းစစ်ဆေးခဲ့သည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် နိုဝင်ဘာ ၂၈ ရက်နေ့တွင်ကျင်းပမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲအခမ်းအနားအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ငှင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)လမ်းဘေး ဝဲ၊ ယာတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ အဝင် လမ်းခင်းကျင်းနေမှုနှင့် တံတားတည်ဆောက်ပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းဘေး ဝဲ၊ ယာတစ်လျှောက် အစဉ်အမြဲသန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးမြို့နယ်သို့ရောက်ရှိပြီး မင်းကြီးစွာစော်ကဲ၏သားတော် မင်းခေါင်ကြီးတည်ဆောက်ခဲ့ပြီး စလင်းမင်းသားကြီး ဦးအိုနောက်ဆုံးပြုပြင်ခဲ့သည့် အင်းဝမြို့မှ တံတားဦးမြို့သို့သွားသော အင်းဝ-တံတားဦး တံတားကြီး ကားလမ်းတစ်လျှောက် တံတား၏အခြေအနေ၊ တံတား ဝဲ၊ ယာတွင် အုတ်လက်ရန်းကြီးများ အခြေအနေများကိုလည်းကောင်း၊ ဟံသာဝတီတံခါးအထွက် တံတားရှေ့ဘက်ရှိ ကျောက်စာဂူတို့အားလည်းကောင်း ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူများအား ရှေးဟောင်းအမွေအနှစ်များ မပျောက်ပျက်မတိမ်ကောသွားစေရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ပတ်ဝန်းကျင် အမြဲသန့်ရှင်းသပ်ရပ်နေစေရန်တို့ကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဌာနအချင်းချင်းချိတ်ဆက်၍ ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျ ကြပ်မတ်ထိရောက်စွာ ဆောင်ရွက်သွားရေးတို့အား ပြောကြားခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။




ထိုမှတစ်ဆင့် ခရစ်နှစ် ၁၈၂၂ ခုနှစ်တွင် ဘကြီးတော်မင်း၏ မိဖုရားခေါင်ကြီး နန်းမတော် မယ်နုတည်ဆောက်ခဲ့သည့် မဟာအောင်မြေဘုံစံကျောင်းတော်ကြီးသို့ရောက်ရှိပြီး ကျောင်းတော်ကြီးအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









သတင်း-စာမျက်နှာ ၆




















## လက်ရှိ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးနှင့်ပတ်သက်၍ ထရမ့်နှင့် နေတိုးအတွင်းရေးမှူးချုပ် ညှိနှိုင်းဆွေးနွေး



**ဘာရပ်ဆဲလ် နိုဝင်ဘာ ၂၃**

လက်ရှိ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအနိုင်ရသူ ဒေါ်နယ်လ် ထရမ့်နှင့် နေတိုးအတွင်းရေးမှူးချုပ် မာ့ခ်ရုတေးတို့နှစ်ဦး နိုဝင်ဘာ ၂၃ ရက်က အမေရိကန်ပြည်ထောင်စု၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နိုဝင်ဘာ ၅ ရက် ရွေးကောက်ပွဲတွင် အနိုင်ရပြီးသည်နှင့်တစ်ပြိုင်နက် တွေ့ဆုံလိုသည်ဟု ကမ်းလှမ်းခဲ့သော နေတိုးအတွင်းရေးမှူးချုပ်ကို ထရမ့်က ဖလော်ရီဒါပြည်နယ် အုန်းပင်ကမ်းခြေ၌ လက်ခံတွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

နယ်သာလန်ဝန်ကြီးချုပ်ဟောင်း လက်ရှိ နေတိုးအတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်နေသော မာ့ခ်ရုတေးအနေဖြင့် အမေရိကန်သမ္မတအဖြစ် မကြာမီ အာဏာပြန်လည်ရရှိလာမည့် ထရမ့်၏ သဘောထားအမြင်များကို သိရှိနားလည်ညှိနှိုင်းရန် အမေရိကန်ပြည်ထောင်စုသို့ လာရောက်တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

၎င်းသည် ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တော်၌ ဥရောပခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ယင်းကဲ့သို့ အမေရိကန်ပြည်ထောင်စုသို့ ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## လတ်ခနိုးမြို့မှ မိန်းကလေးများ၏ ဖက်ရှင်သရုပ်ပြပွဲ အင်စတာဂရမ်တွင် အားပေးကြည့်ရှုသူမြင့်တက်နေ

**ဒေလီ နိုဝင်ဘာ ၂၃**

အိန္ဒိယနိုင်ငံ လတ်ခနိုးမြို့မှ မိန်းကလေးများ၏ ဖက်ရှင်သရုပ်ပြပွဲဗီဒီယိုကို အင်တာနက်ထဲရှိ အင်စတာဂရမ်လူမှုကွန်ရက်တွင် အားပေးကြည့်ရှုသူ မြင့်တက်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၁၂ နှစ်မှ ၁၇ နှစ်အထိ ဆယ်ကျော်သက်မိန်းကလေးများကို ဘောလီးဝုဒ်ရုပ်ရှင်မင်းသမီးများ ဝတ်စားဆင်ယင်သည့်အတိုင်း ပြင်ဆင်ပေးကာ လမ်းလျှောက်သရုပ်ပြစေခဲ့သော အစီအစဉ်ကို အသက် ၁၅ နှစ်အရွယ် ယောက်ျားလေးတစ်ဦးက ဗီဒီယိုရိုက်ကူးကာ ၎င်းကိုယ်တိုင်တည်းဖြတ်ခဲ့ခြင်းဖြစ်သည်။

အပြောင်းအလဲအတွက် ဆန်းသစ်တီထွင်ခြင်းဟုအမည်ရသည့် လတ်ခနိုးမြို့အခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်းက လမ်းဘေးမှ ကလေးသူငယ်များကို သရုပ်ပြစေခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့အစည်းသည် လတ်ခနိုးမြို့တွင်းရှိ လမ်းဘေးမှ ကလေးသူငယ်ပေါင်း ၄၀၀ ဦးခန့်ကို နေ့စဉ် အခမဲ့အစားအစာ ကျွေးမွေးပြီး သက်မွေးပညာရေးကျောင်းသင်ပညာကိုပါ သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ဖက်ရှင်သရုပ်ပြဗီဒီယိုကို ကြည့်ရှုအားပေးသူများ ပြားခဲ့သဖြင့် မိမိတို့အဖွဲ့အစည်း၏လှုပ်ရှားမှုကို ပိုမိုလူသိများလာခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြကြောင်း သိရသည်။

**Mon**





## တရုတ်နိုင်ငံရှိ ထူးခြားသော ရေမြေကျွံတွင်းကြီးများ စွန့်စားသောကမ္ဘာလှည့်ခရီးသွားများကို စွဲဆောင်လျက်ရှိ

**ပေကျင်း နိုဝင်ဘာ ၂၃**

တရုတ်နိုင်ငံတစ်ဝန်းတွင် ထူးခြားသောရေမြေကျွံတွင်းကြီးများ ၃၀၀ ကျော်ရှိနေကြပြီး လူသူအရောက်အပေါက်နည်းပါးလွန်းသည့် နေရာများဖြစ်သဖြင့် စွန့်စားသောကမ္ဘာလှည့်ခရီးသွားများကို စွဲဆောင်လျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တစ်ကမ္ဘာလုံးရှိ မြေကျွံတွင်းကြီးများအားလုံး၏ သုံးပုံနှစ်ပုံကို တရုတ်နိုင်ငံတွင် တွေ့ရှိနိုင်ပြီး ထိုတွင်းကြီးများထဲ၌ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သော သစ်ပင်ကြီးများပေါက်ရောက်နေကြသည်။

ပေ ၃၀၀ ကျော်နက်သော မြေကျွံတွင်းကြီးများအတွင်းပိုင်းတွင် မည်သည့်သစ်ပင်များ ပေါက်ရောက်ပြီး မည်သည့်တိရစ္ဆာန်များ ရှင်သန်နေထိုင်ကြသည်ကို အပြည့်အစုံသုတေသနမပြုရသေးသဖြင့် ကမ္ဘာလှည့်ခရီးသွားများကို သွားရောက်ခွင့်ပြုလိုက်လျှင် မူလဂေဟစနစ် ထိခိုက်ယိုယွင်းသွားမည်ကို စိုးရိမ်ရကြောင်း ပညာရှင်များက ထောက်ပြသည်။

လွန်ခဲ့သော ၁၀ နှစ်အတွင်းက တရုတ်မြေကျွံတွင်းအချို့ထဲသို့ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့မှ စွန့်စားရှာဖွေသူများ ဆင်းပြီး လေ့လာကြည့်ရှုခဲ့ဖူးကြောင်း သိရသည်။ **Mon**

STOP AIDS



## အစ္စရေးဘက်က အင်အားသုံးလေကြောင်းတိုက်ခိုက် ဘေရွတ်မြို့လယ်ရှိ ၈ ထပ်တိုက်ပြိုကျ၊ ၁၁ ဦး သေဆုံး

**ဘေရွတ် နိုဝင်ဘာ ၂၃**

နိုဝင်ဘာ ၂၃ ရက်တွင် အစ္စရေးဘက်က အင်အားသုံးလေကြောင်းတိုက်ခိုက်ခဲ့ရာ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့လယ်ရှိ ၈ ထပ်တိုက်တစ်လုံးပြိုကျပျက်စီးခဲ့ပြီး လူ ၁၁ ဦးထက်မနည်း သေဆုံးကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အစ္စရေးဘက်က အရပ်သားများ ရှောင်တိမ်းရန် ကြိုတင်သတိပေးခြင်းမရှိဘဲ ဘေရွတ်မြို့တော်ရှိ လူနေထူထပ်သော ဘာစတာရပ်ကွက်ကို ဦးတည်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူ ၆၀ ကျော်ရှိခဲ့ကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အစ္စရေးဘက်က ဗုံးခိုကျင်းဖြိုခွင်းနိုင်သောဗုံးများကိုလည်း ထည့်သွင်းအသုံးပြုခဲ့ပြီး ပေါက်ကွဲအား အလွန်ပြင်းထန်ခဲ့ကြောင်း လက်ဘနွန်အာဏာပိုင်များက ပြောကြားသည်။

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



အမေရိကန်ဘဏ္ဍာရေးဝန်ကြီးအဖြစ် လျာထားခြင်းခံရသော ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေဆိုင်ရာမန်နေဂျာ စကော့ဘက်ဆန့်ကို တွေ့ရစဉ်။ **Mon**

## ဆန်ဖရန်စစ္စကိုနှင့် ဆန်ဂျိုဆေးမြို့အကြားတွင် ခရီးသည်တင် လျှပ်စစ်မီးရထားပြေးဆွဲနေပြီ

**ဝါရှင်တန် နိုဝင်ဘာ ၂၃**

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုနှင့် ဆန်ဂျိုဆေးနှစ်မြို့အကြားတွင် ခရီးသည်တင်လျှပ်စစ်မီးရထားပြေးဆွဲနေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှစ်ပေါင်း ၁၆၀ သက်တမ်းရှိနေပြီဖြစ်သော ကားလ်ထရိန်းရထားပို့ဆောင်ရေးကုမ္ပဏီက ဒီဇယ်စက်ခေါင်းမီးရထားများနေရာတွင် လျှပ်စစ်မီးရထားများကို အစားထိုးပြေးဆွဲစေခဲ့ခြင်းဖြစ်သည်။

ယင်းလျှပ်စစ်မီးရထားသည် ထိုမြို့နှစ်မြို့အကြားရှိ ဘူတာရုံ ၁၆ ရုံကို ၁ နာရီမပြည့်မီ ဖြတ်သန်းမောင်းနှင်နိုင်ကြောင်း သိရသည်။

**Mon**




## မျောက်ကျောက်ရောဂါကို ထိန်းချုပ်ထားနိုင်သော်လည်း လူထုကျန်းမာရေးအရေးပေါ်အခြေအနေမှ မရုပ်သိမ်းသေး

**ဂျီနီဗာ နိုဝင်ဘာ ၂၃**

မျောက်ကျောက်ရောဂါကို အထိုက်အလျောက်ထိန်းချုပ်ထားနိုင်သော်လည်း လူထုကျန်းမာရေးအရေးပေါ်အခြေအနေမှ ရုပ်သိမ်းမည်မဟုတ်သေးဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဩဂုတ်လက မျောက်ကျောက်ရောဂါကူးစက်မှုကို ကမ္ဘာလုံးဆိုင်ရာ လူထုကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် အဆိုပါအဖွဲ့က သတ်မှတ်ကြေညာခဲ့သည်။

ထိုအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များ ဂျီနီဗာမြို့တော်၌ မကြာသေးမီက အစည်းအဝေးပြုလုပ်ခဲ့ပြီးနောက် မူလကြေညာချက်ကို မရုပ်သိမ်းသေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

အစ္စရေးနှင့် ဟစ်ဇဘိုလာပြောက်ကျားများအကြား အပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်အထူးသံတမန် အေမို့စ်ဟို့ခ်ျစတိုင်း လာရောက်စေ့စပ်ဆွေးနွေးပေးနေသည့် ကာလအတွင်း အစ္စရေးဘက်က အပစ်အခတ်မရပ်ရုံသာမက လက်ဘနွန်ဘက်သို့ ပိုမိုအင်အားသုံးတိုက်ခိုက်လျက်ရှိကြောင်း သိရသည်။ **Mon**

## မီးခိုး၊ မြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ပြုလုပ်

**ပင်လောင်း နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် မီးခိုး၊ မြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောများ၏ အခန်းကဏ္ဍဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်လှမောင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇင်မောင်က ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များအကြောင်းများ၊ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောများ၏ အခန်းကဏ္ဍဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်မိုးသူဇာက မီးခိုး၊ မြူငွေ့အန္တရာယ်၊ ရေဘေး၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် လျှော့နည်းစေရေး အကြောင်းများကိုလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးစိုးမိုးနိုင်က သစ်တောသစ်ပင်ထိန်းသိမ်းရေးဆိုင်ရာအကြောင်းများကိုလည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇင်မောင်က ကျောင်းသား၊ ကျောင်းသူများကို အာဟာရဖြည့်စွက်စာ ကျွေးမွေးနိုင်ရန် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးကိုယ်စား တာဝန်ခံဆရာမ ဒေါ်ကေသွယ်သွယ်လေးက လက်ခံရယူခဲ့သည်။ ယင်းနောက် အသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် အသိပညာမေးခွန်းများ မေးဖြေရာ၌ မှန်ကန်အောင်ဖြေဆိုခဲ့ ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

အဆိုပါ အသိပညာပေး ဟောပြောဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ အမှတ်(၁)၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (၃၆၈)**





## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကျိုင်းတုံ နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့တွင် အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက နာရီစင်ရှေ့လမ်းဆုံနားတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့အသိပညာပေးဆောင်ရွက်ရာတွင် အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကျိုင်းတုံမြို့)မှ တပ်ဖွဲ့စုမှူး ရဲအုပ်ခိုင်ဇာလတ်နှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသော ဆိုင်ကယ်များအား ဆိုင်ကယ်စီးဦးထုပ်ဆောင်းစေခြင်း၊ ဦးထုပ်မေးသိုင်းကြိုးများ စနစ်တကျတပ်ဆင်ပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိစေရန် ဗွီနိုင်းပိုစတာဖြင့် ချပြရှင်းလင်းခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များအား ဝေငှပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၅၇)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ညောင်ရွှေမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က ညောင်ရွှေမြို့နယ်၊ ရေဦးကျေးရွာအနီးတွင် မသောင်းဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မသောင်း(၄၄)နှစ်ဆိုသူအား ညောင်ရွှေမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မွေ့ရာအနီး ခြင်ဆေးထွန်းရာမှ မီးလောင်မှု ဖြစ်ပွား

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်းနေ ကုန်စုံဆိုင်တွင် ၁၀ပေ×၈ပေ၊ အိပ်ခန်းအတွင်း ခြင်ဆေးခွေအား အောက်ခံခွက်မပါဘဲ ထွန်းခဲ့ရာမှ မွေ့ရာပေါ်သို့ မီးပွားကျပြီး မီးလောင်ကျွမ်းမှု နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားသဖြင့် ပြင်ဦးလွင်ခရိုင် မီးသတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့် သန္ဓေ၊ အရန်တပ်ဖွဲ့ဝင် ၁၂ ဦးသည် မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ ပြင်ဦးလွင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင်နှင့် တပ်ဖွဲ့ဝင်ခုနစ်ဦးသည် မီးငြိမ်းသတ်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ၈ပေ × ၁၀ပေ၊ အုပ်ညှပ်၊ တစ်ထပ်အိပ်ခန်းအတွင်းရှိ ပစ္စည်းများ မီးလောင်ကာ မီးပေါ့ဆစွာ သုံးစွဲသူအား ပြင်ဦးလွင်မြို့မရဲစခန်းတွင် ရာဇသတ်ကြီးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၅၇)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ ။

## သက်တမ်းရင့်တမာပင် ကိုင်းပဲ့ကျ၍ ထရန်စဖော်မာနှင့် ဓာတ်တိုင် ပျက်စီး

**ညောင်ဦး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အမှတ်(၁)ရပ်ကွက်၊ သာယာဝတီရပ်ကွက် အလုပ်သမားကုန်တင်ကုန်ချရုံးရှေ့ရှိ ပင်စည်လုံးပတ် ၆ ပေ အမြင့်ပေ ၅၀ ခန့် နှစ်သက်တမ်း ၄၀ ခန့်ရှိ တမာပင်သည် နိုဝင်ဘာ ၂၀ ရက် ညနေ ၆ နာရီ မိနစ် ၅၀ က လုံးပတ် ၃ ပေ အရှည် ၃၀ ပေခန့်ရှိ ကိုင်းသည်ပိုးစား၍ ပွဲ၍ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သဖြင့် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အမှတ်(၁)နှင့် အမှတ်(၅)ရပ်ကွက် အရန်မီးသတ် တပ်ဖွဲ့ဝင်များ အထောက်အကူပြုယာဉ်တစ်စီးဖြင့် ထွက်ခွာရှင်းလင်းရေးဆောင်ရွက်ရာ ည ၇ နာရီ မိနစ် ၂၀ တွင် ပြီးစီးခဲ့သည်။

သစ်ကိုင်းလဲကျမှုကြောင့် အနီးရှိ ထရန်စဖော်မာ တစ်လုံး ဓာတ်တိုင် နှစ်တိုင် Main Panel Box နှစ်လုံး Main Coded Cable ကြိုးသုံးချောင်း ပျက်စီးပြီး လူ၊ ယာဉ်၊ တိရစ္ဆာန်နှင့် အဆောက်အအုံ ထိခိုက်မှုမရှိကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၅)**



# နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်



နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားသို့ ပါဝင်တက်ရောက်ကြသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ဦးဆောင်၍ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၇၀ တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို လေ့လာကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရေးအတွက် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်တို့နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ကျောင်းသားကျောင်းသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဂန္ဓကုဋီတိုက်များ၊ ကျောက်စာရုံ စေတီတော်များ၊ အဂ္ဂါမိပတိ သာသနဒ္ဓဇမာန်တော်ကြီးနှင့် အခြားသာသနိက အဆောက်အအုံများကို လေ့လာကြည်ညိုကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် အမျိုးသားပြတိုက်(နေပြည်တော်)နှင့် လေ့ခွင်းတောင်သို့ သွားရောက်လေ့လာ လည်ပတ် အပန်းဖြေကြသည်။

မွန်းလွဲပိုင်းတွင် Naypyitaw State Polytechnic University ရှိ ဘောလုံးကွင်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်အင်ယာအသင်းနှင့် မျိုးဆက်ဟောင်းအင်ယာအသင်းတို့ ချစ်ကြည်ရေး ဘောလုံးပွဲ ယှဉ်ပြိုင်ကစားကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးဉာဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်နှင့် Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများ၊ မျိုးဆက်ဟောင်းမှ အင်ယာနီယာ ပညာရှင်များ/ကွန်ပျူတာပညာရှင်များ၊ အသင်းအဖွဲ့များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# မန္တလေးစွယ်တော်မြတ်စေတီတော် (၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**အမရပူရ နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ရွာတောလေးကျေးရွာအနီး တည်ထားသော မန္တလေးစွယ်တော်မြတ်စေတီတော် (၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် နိုဝင်ဘာ ၂၂ ရက် ညနေ ၃ နာရီက အဆိုပါ ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နတ်တော်လဆန်း ၃ ရက် ညနှင့် ၄ ရက်နေ့ နံနက်ပိုင်းများတွင် ဆောင်ရွက်ထားသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပင့်သံဃာဆရာတော်ကြီး ၄၅ ပါးတို့အတွက် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ရေး တင်ပြဆွေးနွေးရာ တက်ရောက်လာသော ဝန်ကြီးများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ဗုဒ္ဓပူဇနိယပွဲတော်တွင် ရွှေကြာသင်္ကန်း ကပ်လှူနိုင်ရေး၊ ဆီမီးကိုးထောင် ပူဇော်ရေးနှင့် ဝတ်ရွတ်အသင်းများ စနစ်တကျနေရာချထားရေးတို့ကို ကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့က ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ အမရပူရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် အဖွဲ့ဝင်များ၊ အမရပူရမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ကော်မတီဝင်၊ ဆပ်ကော်မတီဝင် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

# မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု ကျီးပင်စိပ်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၈၃ ဦးကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် မစိုးရိမ်တိုက်ဟောင်းရှိ သံဃာတော် ၁၆၄ ပါးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များကို နယ်မြေခံ တပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁)အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| လေဗာကူဆင် | ၅ | - ၂ | ဟိုင်ဒင်ဟိမ်း |
| ဗေယာဏ် | ၂ | - ၀ | ဘိုချွန် |
| ဒေါ့မွန် | ၄ | - ၀ | ဖရိုင်းဘတ် |
| ဟော်ဖန်ဟိမ်း | ၄ | - ၃ | လိုက်ပဇစ် |
| ဝုဖ်ဘတ် | ၁ | - ၀ | ယူနီယံဘာလင် |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄)အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| ပလင်စီယာ | ၄ | - ၂ | ဘက်တစ် |
| အက်သလက်တီကို | ၂ | - ၁ | အလာဗက်စ် |

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂)အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| လက်စတာ | ၁ | - ၂ | ချဲလ်ဆီး |
| အာဆင်နယ် | ၃ | - ၀ | နော်တင်ဟမ် |
| ဘုန်းမောက် | ၁ | - ၂ | ဘရိုက်တန် |
| ဗီလာ | ၂ | - ၂ | ပဲလေ့စ် |
| အဲဗာတန် | ၀ | - ၀ | ဘရန့်ဖို့ဒ် |
| ဖူလ်ဟမ် | ၁ | - ၄ | ဝုဖ် |

**အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃)အနိုင်၊ အရှုံး** (NGB)

| | | | |
|---|---|---|---|
| ဗီရိုနာ | ၀ | - ၅ | အင်တာမီလန် |

# စာဖတ်ရှိန်မြင့်တင်ရေး ရသလမ်းဆုံ စာဖတ်ဝိုင်း ကျင်းပ




**သာစည် နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ စာဖတ်ရှိန်မြင့်တက်လာစေရန် မြို့နယ်မှစာရေးဆရာများနှင့် ကျောင်းသားလူငယ်များပါဝင်သော ရသလမ်းဆုံ စာဖတ်ဝိုင်းကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်-၃ ဦးဇော်မင်းထွေး(စာရေးဆရာ ခန့်စစ်အောင်)က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ စာဖတ်ခြင်းအကျိုးကျေးဇူးများနှင့် စာအုပ်၊ စာစောင်များဖတ်ရှုလိုပါက မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် အသင်းဝင်၍ ငှားရမ်းဖတ်ရှုနိုင်ကြောင်း ပြောကြားပြီး စာဖတ်ဝိုင်းတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့သိရှိလိုသည်များကို ပါဝင်မေးမြန်းဆွေးနွေးကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ အောင်ပိုင်က ဆရာဇော်ဂျီ၏ ရှေးခေတ်ပုဂံကဗျာများနှင့်ပတ်သက်၍ ခံစားမှုများ၊ စာရေးဆရာ ဝေးရင့်သီက ကျွန်တော်ချစ်သော အနုပညာ၊ စာရေးဆရာ ဝေးဖြူနှင့် စာရေးဆရာ အလင်းချို(သာစည်)တို့က စာဖတ်ခြင်းနှင့် သုတရသစာပေများကို ဆွေးနွေးပြီး စာဖတ်ကြရန် ပြောကြားသည်။

ထို့နောက် ကျောင်းသားလူငယ်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ စာရေးဆရာများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။ ရသလမ်းဆုံ စာဖတ်ဝိုင်းကို တစ်လလျှင် တစ်ကြိမ်ပြုလုပ်ပြီး မြို့နယ်မှ စာရေးဆရာများက စာပေနှင့်ပတ်သက်၍ ကိုယ်တိုင်ရေးသားထားသည်များနှင့် အခြားသော စာရေးဆရာများ ရေးသားထားသည့် စာပေအကြောင်းအရာများကို မျှဝေခံစားပြီး အပြန်အလှန်ဆွေးနွေးခြင်း၊ တက်ရောက်လာသည့် စာပေဝါသနာရှင်များကို စာများများဖတ်ကြရန် တိုက်တွန်းပြောကြားခြင်းနှင့် စာရေးသားနည်းများကို မျှဝေပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၈၇)

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပခုက္ကူ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဟောပြောပွဲတွင် ပခုက္ကူမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းအေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့် ဝန်ထမ်းများက ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်နှင့် အလုပ်ချိန် သတ်မှတ်ချက်များ၊ ကလေးအလုပ်သမားများ၏အခွင့်အရေးနှင့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဆိုင်(သို့မဟုတ်)ကုန်သွယ်အလုပ်ဌာန(သို့မဟုတ်) အများပျော်ရွှင်ရေးအလုပ်ဌာနအတွက် ဥပဒေပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များနှင့် ရည်မှန်းချက်များ၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေသူများအား အရေးယူအပြစ်ပေးနိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေး ရှင်းလင်းဟောပြောသည်။



ထို့နောက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ) (၃၄၀)



# မှတ်ပုံမတင်သည့် ဆန်စပါးသိုလှောင်ရုံများကို လိုအပ်ပါက လုပ်ငန်းလိုင်စင်ယာယီပိတ်သိမ်းသည်အထိ အရေးယူမည်

ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆန်စပါးသိုလှောင်ရုံလုပ်ငန်းများအနေဖြင့် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံမတင်ပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အလေးအနက်ထားဆောင်ရွက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တိုက်တွန်းထုတ်ပြန်ထားသည်။

ဆန်တန်ချိန် ၂၅ နှင့်အထက် သိုလှောင်ရုံ သို့မဟုတ် စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်ရုံတစ်မျိုးမျိုးကို ပိုင်ဆိုင်သူများ မှတ်ပုံတင်လျှောက်ထားရမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင် ထုတ်ပြန်ထားပြီးဖြစ်သည်ဟု ဆိုသည်။

အမိန့်ထုတ်ပြန်ပြီး နှစ်လပြည့်မြောက်သည့်ရက်တွင် ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူသည် မှတ်ပုံတင်ဆောင်ရွက်ခြင်း မရှိပါက စာဖြင့်သတိပေးခြင်း၊ ဆန်စပါးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ လုပ်ကိုင်ခွင့် ယာယီပိတ်သိမ်းခြင်းကို လိုအပ်လျှင် သက်ဆိုင်ရာအစိုးရဌာနက ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

ထိုသို့ သိုလှောင်ရုံမှတ်ပုံတင်ခြင်းမှာ ပြည်တွင်း ဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျ စာရင်းပြုစုမှတ်ပုံတင်ထားနိုင်ရေး၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို ဖော်ဆောင်နိုင်ရေးတို့အတွက် ရည်ရွယ်ကြောင်း သိရသည်။

သို့ဖြစ်၍ ဆန်စပါးသိုလှောင်ရုံကို ပိုင်ဆိုင်သူများအနေဖြင့် အလေးအနက်ထား လိုက်နာဆောင်ရွက်စေရေးအတွက် ထပ်မံအသိပေးကြေညာခြင်းဖြစ်ကြောင်း သိရသည်။ **ရွှေမန်း**

# ရက်ကန်းပညာရပ်ဆိုင်ရာပြဋ္ဌာန်းစာအုပ်များ ခေတ်နှင့်အညီ ပြင်ဆင်ထုတ်ဝေနိုင်ရေး ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၃**

ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံအပါအဝင် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းများတွင် ဖွင့်လှစ်လျက်ရှိသည့် ရက်ကန်းပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပုံမှန်သင်တန်းများတွင် သင်ကြားပေးလျက်ရှိသော ဘာသာရပ်ဆိုင်ရာပြဋ္ဌာန်းစာအုပ်များအား ခေတ်နှင့်လျော်ညီသည့် အသုံးအနှုန်းများတိကျသည့် တွက်ချက်မှု နည်းစနစ်များ စိစစ်ထည့်သွင်းနိုင်ရန်နှင့် လိုအပ်ချက်များ ပြန်လည်စိစစ်၍ ပြင်ဆင်ထုတ်ဝေနိုင်ရန် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီးရုံးခန်းတွင် နိုဝင်ဘာ ၂၂ ရက်က ကျောင်းအုပ်ကြီးဦးဆောင်၍ ရက်ကန်းပညာရပ်ဆိုင်ရာပြဋ္ဌာန်းစာအုပ်ပြင်ဆင်ထုတ်ဝေနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာဆရာ၊ ဆရာမများ ကြိုတင်ပြင်ဆင်ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(၀၄၅)**



# အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီမှစတင်ကာ ရောင်းချပေးခဲ့သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် တက္ကသိုလ်ဝင်ခွင့် အတည်ပြုနိုင်ရေး အစည်းအဝေးကျင်းပ၊ အောင်စာရင်း ထုတ်ပြန်

**မန္တလေး နိုဝင်ဘာ ၂၃**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်/မန္တလေး) တို့၏ ၂၀၂၃-၂၀၂၄ခုနှစ် ပညာသင်နှစ် အတန်းတင်စာမေးပွဲ အောင်စာရင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သာသနာ့တက္ကသိုလ်ဝင်ခွင့် စာမေးပွဲအောင်စာရင်း အတည်ပြုနိုင်ရေး အစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီက တက္ကသိုလ်ရှိ မဟာဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။



နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့ရှိ သာသနတက္ကသီလ ဓမ္မာစရိယတန်း ပထမနှစ်သို့ တက်ရောက်ရန် ဝင်ခွင့်လျှောက်ထားဖြေဆိုသူများအနက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ၇၉ ပါး၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်တွင် ၆၀ ပါး ရွေးချယ်ခံရကြောင်း နိုဝင်ဘာ ၂၃ ရက်က ထုတ်ပြန်ကြေညာထားသည်။ (ဝဲပုံ)

ရေးဖြေ၊ နှုတ်ဖြေ အောင်မြင်ပြီး သာသနာ့တက္ကသိုလ်ဝင်ခွင့်ရသော သံဃာတော်များသည် မော်ကွန်းထိန်းရုံးသို့ ကိုယ်တိုင်လာရောက်၍ ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူဖြည့်စွက်ပြီး နိုဝင်ဘာ ၃၀ ရက်မှစတင်ပြီး ဒီဇင်ဘာ၂ ရက် နောက်ဆုံးထား၍ သာသနာ့တက္ကသိုလ်(မန္တလေး)အဆောင်သို့ ကြွရောက်ရမည်ဖြစ်ကြောင်း ကြေညာထားသည်။ (၀၄၅)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မိတ္ထီလာ နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် အင်အုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သော ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်တွင် အင်အုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ ထု ၆လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်(၅ ဒသမ ၇၀)သန်း၊ စုစုပေါင်း ငွေကျပ် (၂၀ ဒသမ ၇၀)သန်းဖြင့် အင်အုန်းကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၏ဦးဆောင်မှုဖြင့် ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည်။ ၎င်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက အင်အုန်းကျေးရွာ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၁၄၅ ၊ အကျိုးပြုလူဦးရေ ၅၇၃ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းနှင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)



## စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းနေကြာဧက ၁သိန်း ၂သောင်းကျော် စိုက်ပျိုးထား

**စစ်ကိုင်း နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧက သုံးသိန်း သုံးသောင်းနီးပါး စိုက်ပျိုးမည့် ဆောင်းနေကြာကို လက်ရှိဧက တစ်သိန်းနှစ်သောင်းကျော် စိုက်ပျိုးထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။



ဆောင်းနေကြာများကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်တွင် ၅၀၀ ဧက၊ ခန္တီးခရိုင်တွင် ၁၅၀ ဧက၊ နာဂဒေသတွင် ၂၀၀ ဧက၊ မော်လိုက်ခရိုင်တွင် ၈၀၀၀ ဧက၊ တမူးခရိုင်တွင် ၃၃၀၀ ဧက၊ ကလေးခရိုင်တွင် ၇၁၅၇၀ ဧက၊ မုံရွာခရိုင်တွင် ၃၁၃၀၀ဧက၊ ယင်းမာပင်ခရိုင်တွင် ၈၃၆၅၀ ဧက၊ ရွှေဘိုခရိုင်တွင် ၆၅၀၀ ဧက၊ ရေဦးခရိုင်တွင် ၁၅၂၅၀ ဧက၊ ကန့်ဘလူခရိုင်တွင် ၄၂၈၀ ဧက၊ စစ်ကိုင်းခရိုင်တွင် ၆၁၅၀၀ ဧက၊ ကသာခရိုင်တွင် ၂၇၇၀၀ ဧက၊ ကောလင်းခရိုင်တွင် ၁၃၁၀၀ဧက၊ စုစုပေါင်း ၃၂၇၀၀၀ ဧကကို လျာထားစိုက်ပျိုးလျက်ရှိသည်။

'ပြည်တွင်းစားသုံးဆီဖူလုံစေရန်နဲ့ တောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေဖို့ရည်ရွယ်ပြီး စပ်မျိုး-၁၊ ဆင်းရွှေကြာ-၂၊ ဆင်းရွှေကြာ-၃၊ ဆန်ဖိုလာနေကြာမျိုးတွေကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် တောင်သူတွေစိုက်ပျိုးနေပါတယ်' ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာ ခရိုင်၊မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှု မရှိစေရေး ကြိုတင်ကာကွယ်ရေး ဆိုင်ရာနည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အပေါ်ဝဲပုံ) (၃၉၄)

## နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ငါးမွေးမြူထုတ်လုပ်သည့်တောင်သူများကို ငါးမျိုးကောင်ရေ သိန်း ၃၀ ကျော် ရောင်းချပေး

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး အတွင်း နတ်ရေကန်ငါးလုပ်ငန်း စခန်းမှ ငါးမွေးမြူထုတ်လုပ်သည့် တောင်သူများအတွက် ငါးမျိုးကောင်ရေ သိန်း ၃၀ ကျော်ကို ဖြန့်ဖြူးရောင်းချပေးထားကြောင်း နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ငါးလုပ်ငန်းစခန်းမှ ယခုဘဏ္ဍာနှစ်အတွင်း ပြည်သူအများကြိုက်သည့် ငါးမျိုးများ ကို မွေးမြူထုတ်လုပ်ပြီး ငါးမွေးတောင်သူများကို ဖြန့်ဖြူးရောင်းချပေးသွားရန် ငါးမျိုးကောင်ရေ ၄၆ ဒသမ ၅၆ သိန်းကို လျာထားဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ ငါးမျိုးကောင်ရေ သိန်း ၃၀ ကျော်ကို တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူများအတွက် ဖြန့်ဖြူးရောင်းချပေးထားသည်။

'ယခုဘဏ္ဍာနှစ်အတွင်းမှာ နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ငါးမျိုးကောင်းမျိုးသန့်တွေကို ငါးမွေးတောင်သူတွေ အလွယ်တကူ မွေးမြူနိုင်စေဖို့အတွက် ဖြန့်ဖြူးရောင်းချပေးနေတာပါ။ ဈေးနှုန်း သက်သက်သာသာနဲ့ အရည်သွေးကောင်း ငါးမျိုးကောင်းမျိုးသန့်တွေကို မွေးမြူနိုင်စေဖို့ ပါ။ လက်ရှိ ဖြန့်ဖြူးရောင်းချပေးနေတာဆိုရင် ရာခိုင်နှုန်းအနေနဲ့ ၆၆ ရာခိုင်နှုန်းလောက်ရှိနေပါပြီ။ လျာထားချက်ပြည့်မီအောင် ရောင်းချပေးသွားမှာပါ။ လိုအပ်တဲ့ နည်းပညာရပ်တွေကိုလည်းပေးပါတယ်။ ထုတ်လုပ်တာကို အဓိကထားပြီး မျိုးစိုက်ထည့်တာနဲ့ ဖြန့်ဖြူးရောင်းချတာကို အဓိကထား ဆောင်ရွက်ပါတယ်။ ငါးမွေးတောင်သူတွေကို ဖြန့်ဖြူးရောင်းချပေးတာမှာ တစ်လက်မအရွယ် ငါးတွေနဲ့ နှစ်လက်မအရွယ် ငါးမျိုးတွေကို ရောင်းချပေးပါတယ်။ အညာဒေသ လူအများကြိုက်တဲ့ ငါးမြစ်ချင်းကို အဓိက ဖြန့်ဖြူးရောင်းပေးပါတယ်'ဟု ၎င်းက ရှင်းပြသည်။

ထိုနတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် ငါးမွေးတောင်သူများအတွက် မွေးမြူရေးငါး ခြောက်မျိုးကို မွေးမြူထုတ်လုပ်ပြီး ရောင်းချပေးသည့် ငါးမျိုးများသည် ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမကြီး၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်း စသည့် ငါးမျိုးများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးကြောင်း၊ ဆက်လက်ပြီး ဘဏ္ဍာနှစ်ကုန်သည်အထိ လျာထားချက်ပြည့်မီစေရန် ငါးမွေးတောင်သူများကို ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၀၇၃)

## တရုတ်နိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ဒူးရင်းတင်ပို့မှုသည် ထိုင်းနိုင်ငံထက် သာလွန်ရောက်ရှိ

ဗီယက်နမ်နိုင်ငံသည် စက်တင်ဘာလတွင် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတန်ချိန် ၁၇၇၀၀၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၄၀ ဒသမ ၇၂ သန်း တင်ပို့ခဲ့ပြီး အဆိုပါဈေးကွက်အတွင်း ဒူးရင်းသီး အများဆုံးရောင်းချသည့် ထိုင်းနိုင်ငံကို ကျော်တက်သွားသည်။

တရုတ်နိုင်ငံမှ တစ်လတာအတွင်း အသုံးစရိတ် အမေရိကန်ဒေါ်လာ ၈၉၄ ဒသမ ၅၈ သန်းဖြင့် စုစုပါင်းတန်ချိန် ၂၂၈၀၀၀ တင်သွင်းခဲ့ပြီး ထိုကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်သည် တင်ပို့မှုစုစုပေါင်း၏ ၇၇ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံ အထွေထွေအကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသည်။



ဗီယက်နမ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အသင်းမှ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen ၏ ပြောကြားချက်အရ ဗီယက်နမ်နိုင်ငံသည် ဒူးရင်းသီး တင်ပို့သည့် ဈေးကွက်အတွင်း ရာသီချိန်ပြင်ပ ဒူးရင်းသီးများကို ထိုင်းဒူးရင်းရာသီ ကုန်ဆုံးပြီးချိန်တွင် တင်ပို့နိုင်ခြင်းကြောင့် အသာစီးရရှိခြင်း ဖြစ်သည်။

နှစ်ကုန်အားလပ်ရက်များနှင့် နှစ်သစ်ကူးပွဲတော်အတွက် စားသုံးသူများ ဝယ်လိုအားတိုးလာသောကြောင့် တရုတ်ဝယ်လိုအားလည်း မြင့်တက်လာသည်ဟု Nguyen က ပြောသည်။

ဗီယက်နမ်သည် တရုတ်နိုင်ငံနှင့် ကုန်းလမ်းနှင့် ရထားလမ်းများ ချိတ်ဆက်မှုကဲ့သို့သော သယ်ယူပို့ဆောင်ရေး အားသာချက်များမှ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ပို့ကုန်များ တင်ပို့ရာတွင် အချိန်နှင့် ကုန်ကျစရိတ်များကို သက်သာစေကြောင်း ၎င်းက ဆက်လက်ပြောသည်။

၂၀၂၃ခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ၉၀ ရာခိုင်နှုန်းဖြစ်သည့် ဒူးရင်းတန်ချိန် ၅၀၀၀၀၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံဖိုး တင်ပို့ခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် စိုက်ဧက ဟက်တာ ၁၅၄၀၀၀ ရှိပြီး အထွက်နှုန်း တန်ချိန် ၁ ဒသမ ၂ သန်းရှိခဲ့သည်။

၂၀၂၃ ခုနှစ်အစောပိုင်းက တရုတ်နိုင်ငံသို့ ဒူးရင်းတင်ပို့မှုတွင် ထိုင်းနိုင်ငံကို ကျော်တက်ခဲ့ပြီး တန်ချိန် ၃၂၇၅၀ တင်ပို့ခဲ့သည်။ အလားတူကာလတွင် ထိုင်းနိုင်ငံ၏ တင်ပို့မှုမှာတန်ချိန် ၁၉၀၀၀ တန်ရှိပြီး ယခင်နှစ်ထက် ထက်ဝက်ကျဆင်းခဲ့ကြောင်း(စီးပွားရေးသံမှူး၊မြန်မာသံရုံး၊ ဟန္တိုင်းမြို့)၏ သတင်းပေးပို့ချက်အရ သိသည်။

(ဝဲပုံ) ရွှေမန်း

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ က္က ရာဇ် များ (၉၇)

**သွယ်အောင်**

(၂၆-၁-၁၉၉၁)ရက်မှာ 'အရောင်ရဲ့ ခြေသံများ'နှင့် 'ထွက်ပေါက်' ဆီဆေး ပန်းချီကားတစ်ကားဆွဲပြီးခဲ့ပေမယ့် အဲဒီရက်မတိုင်ခင် (၂၅-၁-၁၉၉၁)ရက်မှာ ကဗျာရှည်ကြီးတစ်ပုဒ်ကို ရေးဖွဲ့ခဲ့ပြီး စိတ်တိုင်းမကျဖြစ်နေလို့ ဘယ်မဂ္ဂဇင်းမှ မပို့ဖြစ်ဘဲ ထပ်ခါထပ်ခါဖတ်ပြီး ပြန်ရေးမယ်လို့ စိတ်ကူးနေမိသည်။ ကဗျာစာအုပ်ကလေးအဖြစ် ထုတ်ဝေမယ်ဟု ရည်ရွယ်ထားသည်။

ထိုရက်ပိုင်းက ပန်းချီကားရေးဆွဲနေဖြစ်သောကြောင့် ရေးဖွဲ့ဖြစ်သော ကဗျာများမှာလည်း အရောင်ပါသော ကဗျာခေါင်းစဉ်များ ပေးဖြစ်နေသည်။ ရေးဖွဲ့ဖြစ်သော ကဗျာရှည်မှာ 'အစိမ်းရောင်သင်္ကေတများ' ဟု အမည်ပေးထားသည်။

**အစိမ်းရောင်သင်္ကေတများ**

(၁)

* နံနက်ခင်း
ပြတင်းတံခါးဝမှ
အလင်းများယိုစီးထွက်ခဲ့ပြီ ။
* ဘာတွေလဲဆိုတဲ့
အမေးဝါကျ စာကြောင်းအောက်မှာ
ငါ… လမ်းလျှောက်ခဲ့ဖူးတယ် ။
* ဒါဟာ…
သေခြင်းတရားဖြစ်သလို
အနာဂတ်ရွှေရောင်
အိပ်မက်လည်း ဖြစ်တယ် ။
* ဖူးပွင့်ခဲ့ပြီ
နှင်းဆီပွင့်ရဲ့ အသက်ရှင်မှုမျိုးနဲ့
ကြိုးတန်းပေါ်မှာ မတ်တပ်ရပ်လို့ ။
* အချိန်မရွေး
အော်ခေါ်နေတဲ့
အသံတွေ… အသံတွေ…
အသံတွေ…
ဒေါသတကြီး လှိုင်းတံပိုးထန်နေရဲ့ ။
* မျက်လုံးတချို့ရဲ့
ဘာသာဗေဒ
ဘာနဲ့ခွဲခြားပြရမလဲ ။
* လျှာတစ်ချောင်းနဲ့
လွမ်းပေါင်းကုဋေ
ပင်လယ်ဝေခဲ့ဖူး၏ ။
* ချစ်သူရဲ့
ရင်ခုန်သံ
ဝမ်းနည်းမှုတွေ လိမ်းကျံလို့
ဘုရားသခင်ထံ
ခွင့်ပန်နေရတုန်း ။
* ဒါပေမယ့်
အသက်ရှူသံဟာ
မှိုစော်နံလို့ကောင်းဆဲ
အစာအိမ်အူလမ်းကြောင်း
မကောင်းခဲ့လို့လား ။
* ပြီးတော့
ဂန္ဓဝင်ဆန်ဆန်
မြို့ပြဟန်ဆောင်ထားတဲ့
အလှမ်းရှပ်နဲ့
နိစ္စဓူဝ အလုပ်ရှုပ်ရတာ
ရိုဘော့စ် စက်ရုပ်တွေ
ဖျားလောက်ရဲ့ ။
* ကောက်ရိုးတစ်မျှင်ရဲ့
မျှော်လင့်ချက်နဲ့
အသက်ရှင်နေထိုင်ရတာ
ကြာတော့
ခန္ဓာကိုယ်လည်းညောင်းညာလှပါပြီ ။

(၂)


* တစ်ခါတလေတော့လည်း
အိပ်မက်နဲ့ ကစားရင်း
ပျော်ရွှင်ခြင်းကို ယာယီတွေ့ခဲ့ရတယ် ။
* အဲဒီလိုနဲ့ပဲ…
ဘဝမှာ
နံနက်လင်းရင်
မျက်နှာသစ်ခဲ့၊ သွားတိုက်ခဲ့
ဆံပင်ရှည်ရှည်တွေ မှန်မှန်ဖြတ်ခဲ့
ခြေသည်းလက်သည်း လှီးခဲ့
ကျောင်းတက်ခဲ့
စာမေးပွဲအောင်ခဲ့၊ ကျခဲ့
လက်ဖက်ရည်ဆိုင်ထိုင်ခဲ့
ဘီယာဆိုင်ထိုင်ခဲ့
ချစ်ရသူနဲ့ တွေ့ခဲ့
အနုပညာကို ရှာဖွေခဲ့
အလုပ်အတွက် ချွေးထွက်ခဲ့
အင်တာဗျူးတွေကို ဖြေခဲ့
ဒီလိုနဲ့ပဲ
လေကို ရှူပြီး ကြီးပြင်းခဲ့ရတယ် ။
* နောင်…အနှစ် ၃၀
အနှစ် ၄၀၊ အနှစ် ၅၀
ကြာတဲ့အခါ…
ငါ ဘာဖြစ်မလဲ
ငါ့ကိုယ်ငါပဲ
အမေး၊ အဖြေ လုပ်နေမိတယ်။
* သိဒ္ဓတ္ထဟာ
ပါရမီရှင်မို့
တောထွက်ကျင့်လိုက်တာ
ဘုရားအဖြစ်ကို
ရောက်တော်မူတယ် ။
* ငါတို့
တောထွက်ကြည့်ပါလား
အသက်ရှင်ရင် ကံကောင်း
(မနိုင်းကောင်း၊ နိုင်းကောင်း)
ဘုရားလောင်းဖြစ်ဖို့တော့ ဝေးပါသေး။
* သြော်…
ဒီလိုနဲ့
မြို့ပြရဲ့ ညနေခင်းတွေမှာ
မြင်ဟောဝန်သီချင်း ဆိုရဲ့ပြီ ။

(၃)

* အို…ဒီဇင်ဘာ
ပြန်မလာပါနဲ့လားကွယ်
ငါ…လွမ်းရမှာ
ကြောက်လွန်းလို့ ။
* ဖန်နဝါရီ အသစ်
ငါချစ်ပါတယ်
ဒါပေမယ့်
နှစ်တစ်နှစ်ဟောင်းလို့
ပြက္ခဒိန်စာရွက်ပြောင်းတာ
အင်္ကျီတစ်ထည် ဝယ်ဝတ်သလိုပါပဲ။
ငါ…ဘယ်လို ရင်ခုန်မလဲ ။
* မင်းဟာ
ကလေးတွေရဲ့
မဟာသူရဲကောင်း
ကျေးလက်ကျောင်းမှာ
ခေါင်းလောင်းသံကို ချိုစေသူ ။
* မင်းနဲ့တွေ့ခဲ့ရတဲ့ကာလ
ဘယ်တော့မှ မမေ့ရပါ
အဲဒီတုန်းက
မင်းနှုတ်ခမ်းအစုံမှာ
ဝီရ စကားလုံးတွေ တွဲခိုလို့
ငါက
တက်ကြွတဲ့ စိတ်ကူးနဲ့
အနာဂတ်မျှော်ဝတ္ထုတစ်ပုဒ်
လှပစွာ ရေးဖွဲ့နေမိတယ်။
* တကယ်တော့
ငါဟာ…
ဝတ္ထုရေးတတ်သူ မဟုတ်ပါ။
* မှတ်မိသေးတယ်
ခရစ္စတီးနားရဲ့
(Remember )ဆိုတဲ့ ကဗျာ
ငါရွတ်ပြတာ
မင်းငြိမ်သက်စွာ နားထောင်လို့
ဒီတုန်းက
မင်းနှလုံးသားအစုံ
ရင်ခုန်မြန်နေတယ်ဆိုတာ
ငါသိပါတယ်။
* သတိရနော်…
ဟို ဝေးဝေးက
ဆိတ်ငြိမ်ရာ အရပ်ဆီ
ငါ ထွက်ခွာသွားတော့မယ်ဆိုတော့
ကြေကွဲမှုပုံရိပ်
မင်းမျက်ဝန်းမှာ
ငါ…စိုးထိတ်စွာ တွေ့လိုက်ရတယ်
ဘာများ တတ်နိုင်ဦးမှာလဲကွယ် ။
* တကယ်တော့
အစကတည်းက
လွမ်းရဲသူ မဟုတ်လို့
လမ်းခွဲရတဲ့အခါ
ဒီကောင် ရင်ကွဲနာကျသင့်ပါတယ် ။

(၄)

* ခုတော့
အလွမ်းမှတ်တမ်း
အလွမ်းဇာတ်လမ်းနဲ့
စမ်းသပ်ခံရတဲ့ ဇာတ်ကောင်
ဒီကောင်ကိုယ်တိုင်
ဖြစ်နေပါရောလား ။
* အဆောင်က
ဧည့်ခေါ်ခေါင်းလောင်း
အညောင်းမိနေရှာမယ် ။
* အဲဒီညနေခင်းမှာပဲ
အလွမ်းသီချင်းတစ်ပုဒ်
နိဂုံးချုပ်သွားတယ် ။
* ၃၅(အေလမ်း)
ပန်းများလည်း မပွင့်နိုင်တော့ပါ ။
'အမှတ်တရ
မွေးမြူဖွံ့စည်း
ရင်းနှီးခြင်း အိပ်မက်
ပွေ့ဖက်ထာဝရ
လှပ အနာဂတ်
ဖြတ်သန်းငြိမ်းချမ်း
ပန်းများ မွေးစေသတည်း'
ဆိုတဲ့ လက်ရေးကဗျာလေး
မင်းရင်ကို နွေးစေပါတယ်နော် ။
* အဝေးပြေး
ကားလမ်းဘေးရဲ့
လက်ဖက်ရည်ဆိုင်ကလေးထဲက
စားပွဲပေါ်မှာ
မထင်မှတ်ဘဲ
ဖျတ်ခနဲ 'အဖြူရောင်နေ့'
ငါတွေ့ခဲ့မိတယ် ။
* ခု…အဲဒီကဗျာ
နိမိတ်ဖတ်လိုက်တာများလား
တို့များ ခွဲခွာကြရတော့မယ် ။
* သြော် …
ငါ့အသည်းစိုင်
ယိမ်းယိုင်လှုပ်ခါ
ဝေဒနာ… ရင်နာတဲ့ ကဗျာ
ငါဘယ်လို ဆွဲထုတ်ပြရမလဲ ။ ။



# ရုပ်ရှင်ကဏ္ဍ




## GLADIATOR II

ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ဒီတစ်ပတ်မှာတော့ ရောမခေတ် ဇာတ်ကားတွေကို ကြိုက်နှစ်သက်သူတွေအတွက် “GLADIATOR II” ရုပ်ရှင်ဇာတ်ကားကြီးကို ပြသနေပါပြီ။

“GLADIATOR II” ရောမရုပ်ရှင်ဇာတ်ကားကြီးကို လွန်ခဲ့တဲ့ (၂၀၀၀ ပြည့်နှစ်)လောက်က ထွက်ရှိခဲ့သည့် “GLADIATOR-1” မှာ ပရိသတ်အားပေးမှုအပြည့်အဝရရှိခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်ပါတယ်။

“Gladiator -1” ဇာတ်ကားမှာကတော့ Maximus ဟာ ဧကရာဇ်မင်းရဲ့အယုံကြည်ရဆုံးလက်ရုံးတော် စစ်ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်တယ်။ စစ်ပွဲတိုင်းဟာ Maximus ရဲ့ နည်းဗျူဟာတွေကြောင့် နိုင်ခဲ့ရတယ်။ မင်းကြီးမကွယ်လွန်မီ အမွေဆက်ခံသူအဖြစ် Maximus ကို ရွေးချယ်ခဲ့သော်လည်း မင်းကြီးရဲ့သားဖြစ်သူ Commodus က နန်းလုယူခဲ့တယ်။ အဲ့အချိန်မှာပဲ Maximus တို့မိသားစုကို သေဒဏ်စီရင်ခံခဲ့ရတယ်။ Maximus ရဲ့ ဇနီးနဲ့သားကို ဆုံးရှုံးလိုက်ရပြီး သူလည်း ကျွန်ဘဝသို့ ရောက်ရှိခဲ့ရတယ်။ ကျွန်ဘဝကနေ ရောမမြို့ကြီးကို ပြန်လည်သိမ်းပိုက်ရယူခဲ့တာဟာ ရင်ခုန်စိတ်လှုပ်ရှားမှုအပြည့်နဲ့ ကြည့်ရှုခဲ့ရပြီး ဖြစ်ပါတယ်။ Gladiator II ထဲမှာကတော့ ရက်စက်ကြမ်းကြုတ်သောဧကရာဇ်တို့ ကျူးကျော်ဝင်ရောက်လာခဲ့ပြီး ရောမမြို့ကို သိမ်းပိုက်ခံလိုက်ရတယ်။

ရောမဘုရင် Lucius ဟာ ကျွန်ဘဝကို ရောက်ရှိသွားခဲ့တယ်။ Colosseum ထဲကို ဝင်ရောက်ခဲ့တယ်။ အရီနာသတ်ကွင်းထဲကနေ ရောမမြို့ကို ပြန်လည်ရယူဖို့ စွန့်စားခဲ့တယ် အရီနာသတ်ကွင်းဆိုတာ ရောမတွေရဲ့သတ်ဖြတ်ကြတဲ့ ပွဲတစ်ခုလို ဖြစ်နေတာဟာ ကြားဖူးကြမှာပါ။ အရီနာသတ်ကွင်းထဲမှာ Lucius ဘယ်လိုအန္တရာယ်တွေနဲ့ ရင်ဆိုတွေ့ကြုံရမလဲ။ နောက်ပြီး ရောမမြို့ကြီးကိုရော ဘယ်လိုပြန်လည်သိမ်းပိုက်သွားမှာလဲဆိုတာကိုတော့ မင်္ဂလာရုပ်ရှင်ရုံတွေမှာ ကြည့်ရှုနိုင်ပါပြီ။

"GLADIATOR II" ရုပ်ရှင်ဇာတ်ကားကြီးကို ကြည့်ရှုချင်ရင်တော့ မန္တလေးမြို့မှာဆိုရင်တော့ Mingalar Masoeyin Complex , Mingalar Central Point, Mingalar Cinema Yama(Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

**ရွက်နုဝေ**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မွေးနေ့ဂုဏ်ပြုကဗျာ

* ပန်းသတင်း
လေညင်းဆောင်

* သူ့ရဲ့သတင်း ၊ လူချင်းသယ်ဆောင်
အရောင်အဆင်း ၊ အရည်ချင်းနဲ့
အခင်းအကျင်း ၊ ရှင်းလင်းပြတ်သား
စံထားရတဲ့ သတင်းစာ တဲ့ ။

* မြို့ရိုးနောက်ခံ ၊ နန်းမြင့်စံနဲ့
မန်းဟန်မပျောက် ၊ ကျုံးရေသောက်ကာ
ဖွားမြောက်ကြီးပြင်း ၊ ရန်းကန်ရင်းနဲ့
သတင်းလောက နာမည်ရခဲ့
မန္တလေးမြို့ထုတ် သတင်းစာ ။

* နိုင်ငံတကာက မြင်ကွင်း
ပြည်တွင်းက သတင်းတွေ ။
မြို့ပေါ်က မြင်ကွင်း
နယ်သတင်းတွေ ။

* အနုပညာမြင်ကွင်း
အားကစားသတင်းတွေ
သတင်းလတ်ဆတ် ၊ ချိန်မီဖတ်ရ
ဖြစ်ရပ်မှန်လည်း သိခွင့်ရ ။

* ဝတ္ထုကဗျာ ၊ ကာတွန်းဆောင်းပါး
ရေးသားဖွင့်ဟ ၊ တင်ပြကြ
ဗဟုသုတ ၊ ရသမျိုးစုံ
ရင်ခုန်လှုပ်ရှား ၊ ခံစားရ ။

* ဖတ်ရှုတဲ့
လူထု
အကျိုးပြုဖို့
ကောင်းမှုကိုဆောင်
ကောင်းအောင်ကြိုးစား
ကောင်းကျိုးများစေ ။

* နေ့စဉ်ဖြတ်သန်း
စိတ်ဓာတ်ရင့်သန် ၊ ကြံ့ကြံ့ခံရင်း
ပုံမှန်ထုတ်ဝေ ၊ ကြာပြီလေ
ရွှေမန်းမြို့က သတင်းစာ ။

* လာကြပေ့
ဒီကနေ့
သူ့မွေးနေ့မှာ
ဝမ်းသာပီတိ ၊ ပြုအိသက်ဆင်း
သီချင်းချိုချို ၊ သံပြိုင်ဆိုရင်း
ကြိုဆိုဂုဏ်ပြု ၊ ဆုတောင်းရအောင်
သင့်မွေးနေ့မှာ ပျော်ရွှင်ပါစေ
သက်တော်ရာကျော် ရှည်ပါစေ ။ ။

(၂၇ နှစ်ပြည့် မန္တလေးနေ့စဉ်သို့)

**ချမ်းမြေ့မိုး (မန္တလေး)**

## မြေနု ကိုင်းမြေနှင့်စိုက်ပျိုးသော ခရမ်းချဉ်ပင်များ အောင်မြင်ဖြစ်ထွန်း

**ရေနံချောင်း နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်ရှိ ဧရာဝတီမြစ်မြေနု၊ ကိုင်းမြေများ၌ စိုက်ပျိုးသော ခရမ်းချဉ်ပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံများ ပြောသည်။

ရေနံချောင်းမြို့နယ်၌ ဧရာဝတီမြစ်ရေကျပြီးနောက် ခရမ်းချဉ်ပင်ကို တောင်သူများမှ ပျိုးစေ့ကိုပျိုးထောင်ပြီး အပင်ကို စိုက်ပျိုးမည့်မြေတွင် ရွှေ့ပြောင်းကာ မြေအောက်အစိစိုရေဖြင့် စိုက်ပျိုးကြသည့်အပြင် မိရိုးဖလာတောင်သူ အလုပ်ဖြစ်သည့် ကောက်ပဲသီးနှံ၊ ဆီထွက်သီးနှံတို့ကိုလည်း တစ်ဖက်တစ်လမ်းကနေ စိုက်ကြသည်။

ရေနံချောင်းမြို့နယ်တွင် စိုက်ပျိုးသော ခရမ်းချဉ်ပင်စိုက်တောင်သူတစ်ဦးက “ယခု မြင်တွေ့ရတဲ့စိုက်ခင်းကတော့ ခရမ်းချဉ်ပင်ဖြစ်ပြီး အပွင့်အသီးကင်းတွေနဲ့ အောင်မြင်ဖြစ်ထွန်းနေပြီး အားရဝမ်းသာဖြစ်မိတယ်”ဟု ရေနံချောင်းမြို့နယ်၊ ဖောင်းကတောရွာသစ်ကျေးရွာနေ တောင်သူအမျိုးသားတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်၊ ဘူးကျွန်းကျေးရွာအုပ်စု၊ ဖောင်းကတောကျေးရွာအုပ်စုတို့တွင် ခရမ်းချဉ်ကို စိုက်ပျိုးကြကြောင်း သိရသည်။ (၄၇၂)

၀-၀-၀-၀-၀-၀





## (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနိုင်လင်းက (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ ပြန်/ဆက်ဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်စေရန်၊ ဗလငါးတန်နှင့်ပြည့်ဝပြီး မိမိကိုယ်ကိုယုံကြည်မှုရှိသော ကျောင်းသားလူငယ်များရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများက ‘အမျိုးသားနေ့ တို့မမေ့’ ကဗျာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက အသီးသီး ဆုများ ပေးအပ်ချီးမြှင့်ပေးခဲ့သည်။

ဆက်လက်ပြီး ကျောင်းသား၊ ကျောင်းသူလေးများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များနှင့် အမျိုးသားနေ့ အကြောင်း သိကောင်းစရာ နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## သတင်းပဒေသာ

### အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်(အကြို) ဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့အ·ထ·က(ခွဲ)အ·လ·က(၃)ကျောင်း မြတ်ပညာခန်းမ၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်(အကြို) ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစန္ဒာလှိုင်ကအဖွင့်အမှာစကားပြောကြားသည်။ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းရွှေအောင်က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် အမျိုးသားနေ့နှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် တန်ဖိုးထားတတ်စေရေး၊ စာအုပ်စာစောင်များဖတ်ရှုခြင်း၏ အကျိုးကျေးဇူးကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ ယမန် နေ့ နံနက် ၁၀ နာရီခွဲက မိုင်းခုတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းသို့ နယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ အမျိုး သားရေးစိတ်ဓာတ် မွေးမြူနိုင်ရေးနှင့် အမျိုးသားအောင်ပွဲနေ့တွင် ကျင်းပသည့် အခမ်းအနားအကြောင်းအရာများကို အကျယ်တစ်ဝင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်ပညာရေးမှူးဖလားအခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို နိုဝင်ဘာ ၅ ရက်မှ စတင်၍ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၂၀ရက် နံနက်ပိုင်းက ရှုံးထွက်(ကွာတားဖိုင်နယ်)ပွဲစဉ်များကို မြို့နယ်ကျောက်တိုင် အားကစားကွင်း၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကဗျာရွတ်ဆို၊ ဆေးရောင်ခြယ်နှင့် စကားပုံဆက်ပြိုင်ပွဲများ ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Family ကိုယ်ပိုင်မူလတန်းကျောင်းတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန(Community Centre)၌ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ကလေးသူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ အမျိုးသားနေ့ အကြောင်း သိရှိစေရန်ရည်ရွယ်၍ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့ နံနက် ၉နာရီခွဲက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မဟာမုနိဘုရားကြီးအား ဘက်စုံပြုပြင်ရန် ငွေများ လာရောက်လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေး၊ မဟာမုနိဘုရားကြီးသို့ ချိတ်ဆွဲရန် ရွှေထည်ပစ္စည်းများ၊ ရတနာပစ္စည်းများ လှူဒါန်းခြင်း ဘက်စုံပြုပြင်ရန် ငွေများလာရောက်လှူဒါန်းလျက်ရှိရာ နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက နေပြည်တော်နေ ဗိုလ်ချုပ်ခင်ဇော်(ငြိမ်း)+ဒေါ်စန္ဒာတင် (အဖွဲ့ဝင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်) မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးလှမြင့်ဦး+ဒေါ်ခင်သန်းဌေးမိသားစုက ငွေပဒေသာပင် ငွေကျပ် တစ်သိန်း၊ ရန်ကုန်မြို့နေ ဦးသိန်းထွန်း+ဒေါ်နွဲ့နွဲ့ရီမိသားစုက ငွေကျပ် တစ်သိန်းတို့ကို လာရောက်လှူဒါန်းရာ မဟာမုနိဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးမြဝင်းနှင့်အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ ကျောင်းတော်ရွှေချရန် လျှပ်စစ်မီးပူဇော်ရန်၊ ငွေပဒေသာပင် လှူဒါန်းခြင်းနှင့် ခြုံထည်ကတ္တီပါသင်္ကန်းလှူဒါန်းလိုပါက ဖုန်း၀၉-၈၆၀၃၀၀၅၇၀နှင့် ၀၉-၄၄၄၀၄၄၄၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ကဆ)**

## အောင်မြေသာစံမြို့နယ်၊ အရန်မီးသတ်တပ်ဖွဲ့မှ သံဃာတော် ၁၂၀ ပါးအား အရုဏ်ဆွမ်းလောင်း လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားရှိ ညောင်ကွဲရပ်ကွက်၊ အရန်မီးသတ်တပ်ဖွဲ့ရုံးရှေ့၌ နိုဝင်ဘာ ၂၃ ရက် နံနက် ၅ နာရီခွဲက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ တပ်ခွဲ(၃)တပ်ခွဲမှူး မောင်မောင်(ခ)ဇော်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ မိသားစုဝင်များ ပူးပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော သံဃာတော်အပါး ၁၂၀ ကျော်အား ဆွမ်း၊ ကြက်သားချက်၊ ကုလားပဲချက်၊ ငါးလေးခြောက်ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်၊ စားတော်ပဲသုပ်၊ အကြော်စသည့် ဆွမ်း၊ ဆွမ်းဟင်းလျာများ အရုဏ်ဆွမ်းလောင်းလှူကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ကဆ)**



## (၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အတွက် ပဒေသာပင်များ လှူဒါန်း




**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေး၊ နယ်စပ်တောင်တန်းဒေသ(၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်ကျင်းပရေး ပဓာန နာယက ဆရာတော်ဘဒ္ဒန္တတိက္ခအတိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံးသို့ ပဒေသာပင် တစ်ပင်ကို ငွေကျပ် တစ်သိန်းတစ်သောင်းဖြင့် လှူဒါန်းကုသိုလ်ပြုလျက်ရှိရာ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ဒုံကနီရပ်နေ အလှူရှင် ဦးထွန်းသိန်း+ဒေါ်သန်းသန်းဌေးမိသားစုက ငွေကျပ် တစ်သိန်းခြောက်သောင်း၊ ပဒေသာပင်တစ်ပင်နှင့် ရှင်တစ်ပါးစာတို့ကို ယမန်နေ့က ပေးလှူရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ဥက္ကဋ္ဌ ဦးလှဝင်းကိုယ်စား၊ ကော်မတီဝင် ဦးစိုးနိုင်(ခေါ်)ဦးအောင်စိုးနိုင်(တရားလွှတ်တော်ရှေ့နေ)နှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဦးချစ်ငွေ(သား)ကိုဝင်းလှိုင်တို့အား ရည်စူး၍ ဒေါ်မာမာသိန်း မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ဒေါနဘွားရပ်နေ ဖခင် ဦးထွန်းကြည်နှင့် မောင်လေး မောင်နေဝင်းထွန်းတို့အား ရည်စူး၍ ဒေါ်မြမြမိုး မိသားစုက ပဒေသာပင် နှစ်ပင်၊ မန္တလေး၊ ဒေါနဘွားရပ်နေ ဒေါ်မြမြမိုး မိသားစုက ပဒေသာပင် တစ်ပင်၊ မန္တလေး၊ ဘုရားကြီးအနောက်မုခ်နေ မိဘများ အမှူးထား၍ ဦးဖြိုးဟိန်းကျော်+ဒေါ်အိမ့်ပန်းမြတ်ဖူး၊ (သား)မောင်စည်သူရဲဝင်း မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ဘုရားကြီးအနောက်မုခ်နေ မိဘများ ရည်စူး၍ ဦးဖုန်းမြင့်အောင်+ဒေါ်မူမူခင် မိသားစုက ပဒေသာပင် တစ်ပင် အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ကဆ)**

**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်ပတ်လမ်းရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က အလှူရှင် မန္တလေးမြို့နေ ၅၃လမ်းနှင့် ၅၄လမ်းကြား၊ ၁၁၅ D လမ်းနေ ဒေါ်လှမြင့်(၇၈)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင် ငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်း၊ မေ့ဆေးဆရာဝန်ကြီးဒေါက်တာ ဦးမောင်ဦးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်လှူဒါန်းစဉ်။**


**(ကဆ)**



o-o-o-o-o-o-o

# ဗိဿနိုးရွှေပြည်တော်သစ်ဆီသို့

တောင်တွင်းမောင်သင်းကျော်



**ဗိဿနိုးပျူမြို့ဟောင်း**

"တပေါင်းသာခေါင် လများနှောင်"--- ဆိုရိုးနှင့် "ပိတောက်ပွင့်ဖူး လတန်ခူး" ဟူသော ဆိုရိုးစကား တို့နှင့်အညီ ရာသီမျှခြေ ရေမြေ တောင်တော တစ်ပြန့်တစ်ပြောဝယ် အင်းဝခေတ် ရဟန်းစာဆိုတော်ကြီး ရှင်ဥတ္တမကျော် ရေးဖွဲ့ခဲ့သည့် တောလားလင်္ကာအဖွဲ့အနွဲ့ကဲ့သို့ တွေ့မြင်နေရလေသည်။

"သစ်ရွက်ယော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား--------"

ဂိမ္ဟန္တ နွေဦးသစ်စမှာပင် စိမ်းရွက်လွှာတို့သည် တဖွဲဖွဲကျကြွေ၍ လေဆောင်သွေးရာလွင့်ပါရင်း၊ ဥသြဆွေ၏ လွမ်းဖွယ်နွေတေးကို နားသောတဆင်နေပါ၏။ ဒေါင်းဖလ်ဝါနေမင်းကြီး၏ အလင်းတန်ဆောင် ရောင်ခြည်တစ်ထောင်သည် အရွက်အထည်ကင်းလုနီးနီး ပင်လတ်၊ပင်မြင့်တို့၏ အကိုင်းအခက်ရိုးတံများကြားဝယ် လင်းလက်ဝင်းပစွာ ဖြတ်သန်းလူးလွန့်လျက်ရှိရာ မြိုင်ဟောမဝန်အတွင်း၌ လင်းလင်းကျင်းကျင်း ရှိနေပါသည်။


မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ တပေါင်းတန်ခူးလမြတ်ထူးခေါင်သည်ကား ရှင်ပြုအလှူတော် ပွဲလမ်းအလှူအတန်းများနှင့် စည်ဗြောသံတွေ သောင်းသောင်းညံနေချိန်ဖြစ်ပေသည်။ ခရုသင်းမှုတ်သံ၊ ကြေးစည်သံ၊ သာဓုခေါ်သံများကြောင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် အထွဋ်အမြတ် လထူးလမြတ်များပေတည်း။

လယ်မြေ၊ ယာမြေတို့မှ ကောက်ပဲသီးနှံ ဆန်ရေစပါးများ ရိတ်သိမ်းဆွတ်ခူးပေါ်ထွန်းချိန်သည် လယ်သမား၊ ယာသမားများ၏ ဘဝဝယ်ချမ်းသာပီတိ ဝွမ်းဆီထိ၍ အပြုံးမြမြနှင့် နှလုံးစိတ်ဝမ်းအေးချမ်းရသည့် အချိန်အခါ ဖြစ်ပါသည်။ အမိမြန်မာနိုင်ငံတော်ကြီးဟုလည်းကောင်း၊ လယ်သမားနိုင်ငံတော်ကြီးဟုလည်းကောင်း၊ ဆန်ရေစပါးပေါကြွယ်ဝပြီး ဗုဒ္ဓသာသနာထွန်းလင်းတောက်ပသည့် တိုင်းပြည်ကြီးဟုလည်းကောင်း ညွှန်းဆိုပြုလျက် ဂုဏ်ယူဝင့်ကြွားရပါသည်။ စိတ်ဝမ်းစင်ဖြူ၍ အလှူရေစက်လက်နှင့်မကွာ မင်္ဂလာစည်ဗြောသံတို့လည်း ဘဝဂ်သို့တိုင် ညံဝေလျက်ရှိချေ၏။

နိုင်ငံတော်၏ မြေလတ်ဒေသဖြစ်သော မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုခွရွာ၏ အရှေ့မြောက်အရပ် နှစ်မိုင်ခန့်အကွာ ရွှေရောင်တော်ဘုရားအနီးတွင် ရှေးဟောင်းဗိဿနိုးမြို့ကြီးတည်ရှိခဲ့သဖြင့် ယူနက်စကို (UNESCO) မှ "ကမ္ဘာ့အမွေအနှစ် ဗိဿနိုးပျူမြို့ဟောင်း" ဟု အသိအမှတ်ပြုခဲ့ပြီး ယခုအခါ "ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ" အဖြစ် ရွှေပြည်သစ်ကြီးသဖွယ်တွေ့မြင်နေရပေပြီ။ "ဗိဿနိုး" ဆိုသည်နှင့် ပျူလူမျိုးတို့၏ ယဉ်ကျေးမှုပုံရိပ်၊ ပန်ထွာဘုရင်မကြီး ထီးနန်းစိုက်ခဲ့သည့်ပုံရိပ်၊ မဟာအတုလစည်တော်ကြီး၏ပုံရိပ်နှင့် ရန်ပယ်ချောင်း ရေအလျဉ် တသွင်သွင်စီးဆင်းနေသည့် ပုံရိပ်တို့သည် မိမိ၏မျက်မှောက်တွင် ချက်ချင်းရောက်လာ တိုးတိုက်ဘိသကဲ့သို့ စက္ခုအာရုံနှင့် သောတအာရုံတို့ကို နှိုးကြားလန်းဆန်းစေလျက် အားမာန်သစ်တို့ လှုပ်နိုးလာခဲ့ပါသည်။

**ရှင် ၅၀၀၀ ရှင်ပြုအလှူတော်**

အလယ်ရိုးမတောင်တန်းကြီး၏ အနောက်ဘက်လှမ်းလှမ်းဆီက ဆင်ခြေလျှော အမြဲစိမ်းရက္ခဥယျာဉ်တော်ကြီးအလား သာယာအေးချမ်းသည့် ရပ်ရွာကြီးဖြစ်သည်နှင့်အညီပင် ၂၀၂၄ခုနှစ် ဧပြီ ၈ ရက်က ဗိဿနိုးမြို့ဟောင်းကြီးတွင် ရှင်အပါးငါးထောင် (၅၀၀၀) ရှင်ပြုမင်္ဂလာပွဲတော်ကြီး ဝှဲချီးကျင်းပခဲ့၏။ သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာတို့၏ ဦးစီးပဓာန နာယကဆရာတော်ဖြစ်တော်မူသော ဒေါက်တာ ဘဒ္ဒန္တပညာဇောတ၏ မေတ္တာတော်နှင့် တပည့်သာဝက ခုနစ်ရက်သားသမီး ဒါယကာ၊ ဒါယိကာမအပေါင်းတို့က လှူဒါန်းခဲ့ကြသော မဟာဒါနခန်းကြီးဖြစ်ခဲ့ပါသည်။



ဗိဿနိုးမြို့ဟောင်းအနီးဝယ် ကုက္ကိုခွကျေးရွာရှိပြီး နာမည်ကျော် သဲမြေအိုးများထွက်ရှိသည့် လက်မှုထွန်းကားရာ ကျေးရွာကြီးဖြစ်ပါသည်။ အနီးပတ်ဝန်းကျင်တွင် ကြက်ဖြူတော၊ ထနောင်းဇင်၊ အင်းရွာကြီး၊ အုန်နဲ့တန်း၊ ဂျုတ်ကုန်း၊ ဝါးခြမ်းကာစသည့် ကျေးရွာများက ဝန်းရံလျက်ရှိပါသည်။ ဗိဿနိုးမြို့ဟောင်း၏ အရှေ့ဘက် မဝေးမလှမ်းသည့်နေရာ မိုင်တိုင် ၂၈၇ တွင် ပထမံဘိုးဘိုးအောင်၏ မွေးရပ်အောင်မြေ လက်ပံရှည်ကျေးရွာတည်ရှိပြီး ဖူးပြည့်အောင်စေတီကို ဖူးမြော်နိုင်ပေသည်။ ညောင်ရမ်းမင်းတည်ထားခဲ့သော ရှေးဟောင်းစေတီများကိုလည်း မိုင်တိုင် ၂၈၈/၆ တွင် ဖူးမြော်နိုင်ပါသည်။ မြေလတ်ဒေသ ပေါက်ရောက် ဆူးပြွမ်းကန္တာရပင်များအကြားဝယ် မန်ကျည်း၊ မဲဇလီ၊ ကုက္ကို၊ ထနောင်း၊ တမာ၊ ထန်းပင်များနှင့် သရက်ပင်များက ကျေးလက်ရုပ်ပုံလွှာများအဖြစ် သင်္ကေတပြုလျက် တင့်တင့်တယ်တယ် ရှိချေသည်တကား။

တောင်တွင်းကြီးမြို့နှင့် မကွေးမြို့ မော်တော်ကားလမ်းနှင့် မီးရထားလမ်းတို့ပေါ်တွင် တည်ရှိသော ဗိဿနိုးသည် ဆွတ်ပျံ့လွမ်းမောဖွယ်ရာ မီးရထားဥသြသံ၊ ရပ်ဝေးမှ သားဖြစ်သူပြန်အလာကို အမေအိုက မျှော်နေဟန်တို့ဖြင့် သိင်္ဂါရင့်ရွက်များ ငြိမ်းချမ်းစွာ ပျံသန်းနေကြသည်။ ပြာလွင်လွင် ကောင်းကင်ကြီးအောက်တွင် မေတ္တာရနံ့များနှင့် ထုံသင်းမွှေးကြိုင်လွင့်အသရေတင့်လျက်ရှိပါသည်။

**ကန်တော်မင်္ဂလာကြီး**

ပန်ထွာ၏ ရေချိုးကန်တော်ကြီး ဖြစ်ခဲ့သည်ဟုဆိုသော ရေကန်ကို ဆယ်ယူတူးဖော်၍ ဖြစ်တည်စေခဲ့ပြီ။ ရေညှိညှိရစ်သန်းလျက်ရှိသော ဧက ၅၀ခန့် ကျယ်ဝန်းသည့် ထိုရေကန်သာ ကန်တော်မင်္ဂလာကြီး၏ ကန်ပေါင်ပေါ်တွင် အေးချမ်းစွာလမ်းလျှောက်ရင်း ပျူသမိုင်း ဗိဿနိုးရာဇဝင်ကို ဆွတ်ဆွတ်ငေးငေး အတွေးဝင်စိတ်နှစ်၍ "အို.....မြန်မာ" "အို.... ဗိဿနိုး" ဟု ရဲရင့်စွာ ဥဒါန်းသစ် ကျူးရင့်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ဗိဿနိုးကို စွန့်ခဲ့ရစဉ်က ထားရစ်ခဲ့ရရှာသော ပေပင်အပုလေးများသည် ယနေ့ထိတိုင် မကြီးထွား၊ မဖူးမပွင့် မသီးချေ။ ထွက်တော်မူနန်းကခွာစဉ်က ပန်ထွာဘုရင်မကြီးက "ငါလာမှ ကြီး.... ငါလာမှ သီး..." ဟု အမိန့်တော်ရှိခဲ့ကြောင်း ပါးစပ်ရာဇဝင်များဖြင့် ဆွတ်ပျံ့လွမ်းမောဖွယ် ပြောဆိုနေကြပါသည်။

အလို...ဟိုးဆီမှာ ပေပင်မြင့်မြင့်မားမားကြီး နှစ်ပင်ကို ယှဉ်တွဲ၍ မြင်နေရပါပြီ။ ပိုမြင့်သည့် ပေပင်ကြီးမှ ဖူးတံစို့ကြီး ထွက်လျက်ရှိပြီး ပွင့်သီးပေတော့မည်။ ရဟန်းစာဆိုတော် ရှင်ဥတ္တမကျော်၏ တောလားလင်္ကာ အဖွဲ့ကဲ့သို့ "သီးမျိုး ခိုင်ညာလပွတ်တည်း" ပေတော့မည်ထင့်။ ပန်ထွာ၏ နန်းတော်ကြီး အနောက်ဘက်ဆီက ပေပင်ကြီးနှစ်ပင်တည်း။

**ဗိဿနိုးမေတ္တာပေါင်းကူးတံတား**

ဗိဿနိုးမြို့ဟောင်းအနီးရှိ ကြက်ဖြူတောကျေးရွာနှင့် ထနောင်းဇင်ကျေးရွာအကြားတွင် အရှေ့မှ အနောက်သို့စီးဆင်းနေသော ဆဒ့်ချောင်းကြီး ရှိပါသည်။ ချောင်းအကျယ်ပေ ၁၈၀ ကျော်ခန့် ရှိပါသည်။ ဆဒ့်ချောင်းရေသည် ပင်းချောင်းရေနှင့် ပေါင်းစည်းပြီး ဧရာဝတီမြစ်ကြီးထဲသို့ စီးဝင်သွားလေ၏။ ထိုဆဒ့်ချောင်းကြီး ခြားနေသဖြင့် မိုးတွင်းချိန်ခါဝယ် သွားလာရေးခက်ခဲနေပါသည်။ ချောင်းရေကြီးချိန်တွင် ၃၊ ၄ ရက်မျှ ချောင်းကို ဖြတ်သွား၍ မရတော့ဘဲ ပညာရေး၊ ကျန်းမာရေးတို့တွင် အခက်ကြုံခဲ့ရပါသည်။ ဒေသခံ လယ်သမား၊ ယာသမား ပြည်သူလူထုများ သွားလာရေးအဆင်ပြေချောမွေ့စေရန်အတွက် "ဗိဿနိုးမေတ္တာပေါင်းကူး" ဆဒ့်ချောင်းကူးတံတားကြီးကို (၁၆-၁၁-၂၀၂၄)နေ့တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့ပေပြီ။ ယခု ၂၀၂၄ ခုနှစ်တွင် သုံးကြိမ်တိုင် မိုးရေကြီးခဲ့၍ ရေစီးသန်ခဲ့သောဒဏ်ကို ခုခံရပ်တည်နိုင်စွမ်းရှိသဖြင့် ကြံ့ခိုင်တောင့်တင်းမှုကို သက်သေပြခဲ့သော ပန်းတံတားကြီးသည် နှစ်ပေါင်းရာထောင်ချီ၍ ခိုင်မာစွာရပ်တည်နိုင်မည့် ရုပ်ပုံလွှာကို ထုဆစ်ပုံဖော်နေပါ၏။ တံတားသစ်ဖွင့်ပွဲကို အကြောင်းပြု၍ ဓမ္မသဘင်တော်ကြီးကို ဆင်ယင်ကျင်းပခဲ့ရာ ဆရာတော်မထေရ်မြတ်က ရေစက်ချတရားမြွက်ကြားခဲ့ရာတွင် အလှူဒါနကောင်းမှုကုသိုလ်(၆)မျိုးတရားတော်ကို လေးနက်ကျယ်ပြန့်စွာ ဟောကြားတော်မူခဲ့ပါသည်။



ဗိဿနိုး မေတ္တာပေါင်းကူးတံတားကြီးသည် **"သဲဖြူတောရ ဓမ္မရိပ်သာနှင့် မဟာမြိုင်တောရ ဓမ္မရိပ်သာတို့၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာဇောတ မထေရ်မြတ်အား ဦးထိပ်ပန်ဆင်လျက် ဆန္ဒမုခိမယ်တော်ကြီးနှင့် ပန်ထွာဘုရင်မကြီးတို့အား အမွှးထား၍ သဲဖြူဆရာတော်နှင့် တပည့်သာဝက (၇)ရက်သားသမီး ဒါယကာ၊ ဒါယိကာမအပေါင်းတို့မှ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပန်ထွာဘုရင်မကြီး၏ ဗိဿနိုးမြို့အတွင်း စုပေါင်း၍ လှူဒါန်းကြပါသည်။ သာသနာတော်နှစ် ၂၅၆၈ ခုနှစ်၊ ကောဇာသကရာဇ် ၁၃၈၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၆ ရက် စနေနေ့"** ဟု ကမ္ပည်းမော်ကွန်း ရေးထိုးနိုင်ခဲ့ပါပြီ။

**တို့တစ္တေပန်ဆင်ကြမည်**

ဗိဿနိုးနယ်မြေဝယ် သီးပင်စားပင်များဖြစ်သော သရက်၊ ထန်း၊ ခရေပင်စသော ပင်ပျိုတို့သည် ဗိဿနိုးပန်းမြိုင်လယ်တွင် အမြဲစိမ်းဥယျာဉ်တော်ကြီးအသွင် ပေါ်ထွန်းလာပေတော့မည်။ ကန္တာရပင်များဖြင့် ဖုံးလွှမ်းနေသော မြေပြင်လွှာကို ခုတ်ထွင်ရှင်းလင်း၍ ထွန်ယက်စိုက်ပျိုးကြလျက် "တို့စိုက်သောပန်းတွေ တို့တစ္တေ ပန်ဆင်ကြမည်" ဟူသော အားမာန်သစ်မွေးကျူး ရင့်ကြွေးကြော်သည့် အသံလှိုင်းများ ပဲ့တင်ထပ်ကာ ရွှန်းမြတောက်ပလျက်ရှိနေပါသည်။

သဲဖြူဆရာတော်မထေရ်မြတ်၏ ဓမ္မဓာတ်၊ မေတ္တာဓာတ်တော်တို့သည် ဗိဿနိုးမြို့ဝယ် ကိုယ်လုံးထုံထုံ လွှမ်းခြုံလျက်ရှိနေသည်တကား။

ဤမြေမှာနေ ဤရေကိုသောက် ဤမြေဝယ် ကြီးပြင်းလာကြသူ ပြည်သူလူထုအပေါင်းနှင့် မျိုးဆက်သစ်လူငယ်တို့သည် အနာဂတ် မိမိတိုင်း၊ နိုင်ငံ၊ ရပ်ရွာကြီးကို ကမ္ဘာနှင့်ရင်ဘောင်တန်း၍ ဖွံ့ဖြိုးတိုးတက်ခေတ်မီစေရန် ကြိုးပမ်းထမ်းရွက်လိုသည့် စိတ်ဓာတ်အမွေ၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကို ချစ်မြတ်နိုးသော မျိုးချစ်စိတ်ဓာတ်အမွေတို့ကို ရရှိစေရန် သဲဖြူဆရာတော်က ရည်မျှော်မှန်းလျက်ရှိပါသတည်း။

သာဓု....... သာဓု ........ သာဓု



# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ

**ကွန်ဟိန်း နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရပ်သံကျွမ်းကျင်-၃ ဒေါ်ထွေးထွေးခိုင်က (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များနှင့် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများကို အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် စာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ဖတ်ရှုစေခြင်းများ ဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀



**စဉ့်ကိုင် နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club )အဖွဲ့တို့ ပူးပေါင်း၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို မြို့နယ်လူထုအခြေပြုဗဟိုဌာန (Community centre) ခန်းမ၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကျောင်းသား၊ ကျောင်းသူလေးများ စာပေနှင့်ထိတွေ့၍ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များ ပေါ်ပေါက်လာကာ စာပေဖတ်ရှုခြင်းဖြင့် အတွေးအမြင်ဗဟုသုတများ ပိုမိုကြွယ်ဝလာစေရန်၊ အမှားအမှန်ဝေဖန်ပိုင်းခြား နိုင်စေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာဖတ်စွမ်းရည်များ တိုးတက်လာစေရန်၊ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် အထိမ်းအမှတ်နေ့များကို အစဉ်အောက်မေ့သတိရစေရန် စသည်တို့ကို ရည်ရွယ်၍ ယခုလိုပြိုင်ပွဲများ ကျင်းပပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ပြိုင်ပွဲများကို ကျင်းပခဲ့ရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦးတို့က ကဗျာရွတ်ဆိုပြိုင်ပွဲတွင် လည်းကောင်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့က ပန်းချီပြိုင်ပွဲတွင် လည်းကောင်း အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၉)**

**ပြင်ဦးလွင် နိုဝင်ဘာ ၂၃**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်တွင် ကျရောက်မည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အဖြစ် ပြင်ဦးလွင်မြို့နယ် ကျွဲနွားထောက် အခြေခံပညာအထက်တန်းကျောင်းနှင့် အနီးစခန်းအခြေခံပညာအထက်တန်းကျောင်းတို့တွင် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်နှင့် ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်တို့က အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ အမျိုးသားအောင်ပွဲနေ့ဦးတည်ချက်များနှင့် ကလေးများအနေဖြင့် နေ့ထူးနေ့မြတ်များကို အစဉ်အမြဲအမှတ်ရနေစေရန်၊ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာရေး အစရှိသည့် သိမှတ်ဖွယ်ရာများအား အသိပညာပေးဟောပြောသည်။



ထို့နောက် ကျွဲနွားထောက် အခြေခံပညာအထက်တန်းကျောင်းနှင့် အနီးစခန်း အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ အမျိုးသားရေး စိတ်ဓာတ်အားမာန်၊ အမျိုးသားညီညွတ်ရေး၊ မွေးရာပါ အမျိုးသားရေးတာဝန် အစရှိသည့် အကြောင်းအရာများပါဝင်သည့် အမျိုးသားနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

**သာစည် နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်သင်းသင်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကိုပြောကြားပြီး ပြိုင်ပွဲတွင် ဆုရွေးချယ်ပေးမည့် ဦးမြတ်ကိုကို (ကာတွန်းလှမင်းအောင်)က ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို စတင်ရာ သာစည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၊ သီရိမင်္ဂလာမူလတန်းကျောင်း၊ အမှတ်(၅) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၆)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၊ ခမရ(၄၂၀)အခြေခံပညာမူလတန်းကျောင်းနှင့်အောင်မင်္ဂလာကိုယ်ပိုင်မူလတန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



**(ဝဲပုံ)**

**(၄၈၇)**

**နတ်မောက် နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရှုနိုင်မှုမြှင့်တင်ရေးအတွက် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အလယ်တန်းဆင့် ပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန Community Centre ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သည့် အနာဂတ်သားကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ နှစ်စဉ်ကျရောက်လျက်ရှိသည့် နေ့ကြီး၊ လရက်ကြီးများအား အစဉ်အောက်မေ့သတိရစေရန်၊ အနုပညာကို ချစ်မြတ်နိုးတတ်စေရန် ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် အမှတ်ပေးစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၃၄ဦးတို့က "ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး" ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားတွင် ဆုများ အသီးသီးချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**လှဝင်း**

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်တွင် ၂၀၂၄ ခုနှစ် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီကအမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းရှိ ချယ်ရီစုပါစိမ်းခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးနိုင်ဦးက အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲစည်းကမ်းများအား ရှင်းလင်းဖတ်ကြားသည်။

ထို့နောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ အထက်တန်းအဆင့် စာစီစာကုံးကို "အမျိုးဂုဏ် ဇာတိဂုဏ်မမေ့ဖို့ အမျိုးသားနေ့ကိုကျင်းပစို့" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး၊ အလယ်တန်းအဆင့်၌ "အမျိုးသားနေ့နှင့် မျိုးချစ်စိတ်ဓာတ်" ခေါင်းစဉ်ဖြင့် ၂၀ ဦး၊ ကဗျာပြိုင်ပွဲကို "အမျိုးသားနေ့၏အားမာန်" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့်တွင် ၁၁ ဦး၊ အလယ်တန်းအဆင့်တွင် "စည်းလုံးချစ်ကြည် အမျိုးသားညီ" ခေါင်းစဉ်ဖြင့် ၁၃ ဦးနှင့် ပန်းချီပြိုင်ပွဲကို "အမျိုးသားနေ့မှ ငြိမ်းချမ်းသော ပြည်ထောင်စုကြီးဆီသို့" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ကိုးဦး၊ အလယ်တန်းအဆင့်တွင် "အမျိုးသားနေ့ တို့မမေ့" ခေါင်းစဉ်ဖြင့် ၁၄ ဦး၊ စုစုပေါင်း ပြိုင်ပွဲဝင် ၈၁ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို ၂၀၂၄ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) ချမ်းမြေ**





# အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ် လေ့ကျင့်ရေးအားကစားရုံ၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ပဋ္ဌမအကြိမ် အမျိုးသား အားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ် အားကစားအဖွဲ့အား အောင်နိုင်ရေး အလံပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ် အားကစားအဖွဲ့များအား လိုက်လံနှုတ်ဆက် အားပေးရာ အားကစားအသင်းများမှ ဂါရဝပြုမိတ်ဆက်ကြသည်။

ထို့နောက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားရာတွင် "ယခုပြိုင်ပွဲကြီးဟာ အားကစားမောင်မယ်များအဖို့ ရှမ်းပြည်နယ်အတွက် အားကစားလူချွန်လူကောင်းများဖြစ်ကြောင်းပြသနိုင်မည့် အခွင့်အလမ်းကောင်းကြီးတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒီအခွင့်အလမ်းကြီးကို အမိအရဆုပ်ကိုင်ပြီး ပြည်နယ်ဂုဏ်ကို မြှင့်တင်သွားနိုင်မယ်လို့လည်း ပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်နေကြပြီ ဖြစ်ပါတယ်။ မိဘပြည်သူများရဲ့ ယုံကြည်မျှော်လင့်ချက်အိပ်မက်များကို အကောင်အထည်ဖော်ဖို့ မောင်မယ်များအနေနဲ့ ရေကုန်ရေခမ်း အားထုတ်ကြိုးပမ်းသွားကြမယ်လို့လည်း အလေးအနက်ယုံကြည်ပါတယ်။

ပဋ္ဌမအကြိမ် အမျိုးသား အားကစားပွဲတော်မှာ အားကစားနည်း ၂၃နည်း ထည့်သွင်းကျင်းပမှာဖြစ်ပြီး ရှမ်းပြည်နယ်အနေနဲ့ အားကစားနည်း ၂၃ နည်းလုံး အချိန်ယူစခန်းသွင်း လေ့ကျင့်စေပြီး အားကစားသမား စုစုပေါင်း ၄၁၂ ဦး၊ အုပ်ချုပ်၊ နည်းပြပေါင်း ၁၀၉ ဦး၊ ဒိုင် ၁၇ ဦး၊ စုစုပေါင်း ၅၃၈ ဦးနှင့်အတူ ရုံးအဖွဲ့ ၁၁ ဦး တို့ဖြင့် စနစ်တကျဖွဲ့စည်းယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ယခုပြိုင်ပွဲကို ယှဉ်ပြိုင်ကြမယ့် အားကစားအဖွဲ့များအနေနဲ့ ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမယ်ဆိုလျှင် ရှမ်းပြည်နယ်ရဲ့ အောင်မြင်မှုသမိုင်းကို ပိုမိုလှပအောင် မှတ်တမ်းတင်သွင်းသွားနိုင်ကြမှာ ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အောင်နိုင်ရေး အလံနှင့် ပြိုင်ပွဲဝင် ကုန်ကျစရိတ်များအား ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၃၆၈)**

# ပရိယတ္တိသာသနာ့ဟိတအသင်းသို့ ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၈၅လမ်း၊၃၄လမ်းနှင့်၃၅လမ်းကြားရှိ ပရိယတ္တိသာသနာ့ဟိတ အသင်းသို့ အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၀ရက် နံနက်ပိုင်းက အသင်းရုံးတွင် ကျင်းပသည်။ အခမ်းအနားတွင် အလှူရှင် အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ် လမ်း၈၀နေ တိုင်းရင်းဆေးသမားတော်ကြီး ဦးဟန်ထွန်း+ဒေါ်ခင်ကြည်(မိုးနံ့တိုင်းရင်းဆေးတိုက်)မိသားစုက သာမဏေပုစ္ဆာ စာမေးပွဲဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၂၅သိန်း လှူဒါန်းရာ ပရိယတ္တိသာသနာ့ဟိတ အသင်းဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ အလှူရှင်မိသားစုသည် စတုတ္ထအကြိမ် လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်းဆွမ်းပဒေသာပင် ငွေကျပ် သိန်း ၁၀၀ လှူဒါန်းထားသည်။

ပရိယတ္တိသာသနာ့ဟိတအသင်း ၁၃၈၆ ခုနှစ် (၇၄)ကြိမ်မြောက် သာသနာလင်္ကာရသာမဏေကျော် စာပြန်ပွဲကို နတ်တော်လပြည့်ကျော် ၁ ရက်မှ ၈ ရက်အထိကျင်းပသွားမည်ဖြစ်ကြောင်း ဆွမ်းပဒေသာပင်လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၀၉၀၀၄၄၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**



သန့်ရှင်းသာယာ
မန္တလာ
ပိုင်းဝန်း
ထိန်းသိမ်းပါ။

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်းချောင်းကျေးရွာ၌ န၀မအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က ပျဉ်းချောင်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများနှင့် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်းများနှင့် ပြန်လည်ပေးဆပ်ရမည့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပျဉ်းချောင်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆၀ ဦးကို ငွေကျပ် ၄၁ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၇ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၃ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**

* – * – * – * – *







# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ထွန်စက်မောင်းသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ထွန်စက်မောင်းသင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ရက် မွန်းလွဲပိုင်းက ကျွန်းရောင်းကျေးရွာအုပ်စု၊ ကျွန်းရောင်းကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းမှသင်ကြားပေးသော သင်ခန်းစာများအား လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချသွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဝင်းနှင့် ကျွန်းရောင်းကျေးရွာမှ သင်တန်းသားဦးရေ ၁၅ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ နိုဝင်ဘာ ၁ရက်မှ ၂၀ရက်ထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**နော်လူး**

* – * – * – * – *

* – * – * – * – * – *

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(၁-၉)၊ ဦးပိုင်အမှတ်(၃-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၀၃)ဧက အကျယ်အဝန်းရှိ ဒေါ်ယင်းကျူ အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၄)ထပ် အဆောက်အအုံ၊ ရေ + မီး၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံအပါအဝင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်များအားလုံးတို့နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိက အမည်ပေါက်သူထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိပြီး ယင်းပစ္စည်းအရပ်ရပ်တို့ကို လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသော်ဇင်ဝင်း(အဘ)ဦးစိန်ဝင်း(၉/မရမ(နိုင်)၀၇၉၁၅၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အသုံးအပိုင် လက်ရောက်လွဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဦးဇော်မင်းလေး | ဒေါ်အိအိဖွေး | ဦးဇင်မင်းထိုက် | ဒေါ်ဆုမြတ်အောင် | ဒေါ်နီနီမြင့် | ဒေါ်ဆွေမြတ်ဇင်ဝင်း |
|---|---|---|---|---|---|
| (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) |

**တရားလွှတ်တော်ရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၇၈၈၈၉၇၈၆၊ ၀၉–၄၃၁၃၃၁၇၆၊ ၀၉–၇၈၆၀၄၅၃၇၈၊ ၀၉–၂၅၆၀၂၈၄၉၁၊ ၀၉–၄၀၂၆၃၉၇၆၆**

## ပျောက်ဆုံးကြောင်း

ဦးကိုကိုလွင်(ဘ)ဦးစိုးပေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ပကခ(နိုင်)၀၂၄၃၅၅) ကိုင်ဆောင်သူ၏ **Passport No.** (မမှတ်မိ)သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးကိုကိုလွင်၊ ဖုန်း ၀၉–၉၇၅၃၀၄၇၈၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဗ-၉)၊ ဦးပိုင်အမှတ်(၄၃-က)၊ ဧရိယာ(၀ ဒသမ ၀၁၅) ဧကရှိ မြေကွက်သည် ဦးစန်းဝေ အမည်ပေါက် တောဂရန်မြေကွက် ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်၏ ဦးစန်းဝေ အမည်ပေါက် တောဂရန်အမှုတွဲအမှတ်(၂၀၅/၉၂-၉၃)မူရင်း၊ မြေနေရာချထားပေးခြင်း အကြောင်းကြားစာမူရင်း(မြေချထားမိန့်)၊ ငွေသွင်းပြေစာမူရင်းများနှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများအားလုံးတို့မှာ ဒေါ်စန်းစန်းဝင်း(ဘ)ဦးသောင်းမြင့်(၉/မရမ(နိုင်)၀၁၀၈၀၉)၏ လက်ဝယ်တွင် သိမ်းဆည်းလွန်ပြီး ပျောက်ဆုံးသွားသည့်အတွက် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း(ဘ)ဦးသောင်းမြင့်**
**(၉/မရမ(နိုင်)၀၁၀၈၀၉)**
**၅၇လမ်း၊ ၂၂လမ်းနှင့်၂၃လမ်းကြား၊ အနိပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၀၃၃၄**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၇၄)၊ ဦးပိုင်အမှတ်(၉-ခ)၊ လမ်း၈၀၊ ၂၄လမ်းနှင့် ၂၅လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးလီယီဝူး(ခ)ဦးသန်းမြင့် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်နန်းကိန်(၉/မနမ(နိုင်)၀၃၀၅၉၁)က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၅)၊ ဦးပိုင်အမှတ်(၁၈)၊ ၂၄လမ်း၊ ၈၉လမ်းထောင့်ရှိ ဦးမွတ်တင် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးမွတ်တင်၊ မိခင် ဒေါ်တင်၊ သမီး ဒေါ်ခင်ဝင်း၊ သမီး ဒေါ်နှင်း၊ သား ဦးသိန်းစံနှင့် ပထမအိမ်ထောင် ဒေါ်သန်းဆင့်တို့ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သားမက်၊ မြေး၊ မြေးမ(ဦးသိန်းစံ၏ဒုတိယအိမ်ထောင်)တို့ဖြစ်ကြသော ဦးသိန်းမြိုင်(၉/မနတ(နိုင်)၁၀၁၁၇၁)၊ ဦးတိုးလှိုင်(၉/မနတ(နိုင်)၀၆၆၇၃၈)၊ ဒေါ်သန္တာဝင်း(၉/အမဇ(နိုင်)၀၀၅၉၈၄)၊ ဒေါ်အိအိမွန်(၉/အမဇ(နိုင်)၀၀၅၉၈၅)၊ ဒေါ်လှသူဇာ(၉/အမဇ(နိုင်)၀၅၄၆၁၄)၊ ဦးမောင်မြင့်(၉/မနတ(နိုင်)၀၇၂၁၁၇)၊ ဒေါ်သက်နှင်းဦး(၉/အမဇ(နိုင်)၀၅၄၆၀၀)၊ ဦးသိန်းမြင့်ဦး(၉/အမဇ(နိုင်)၀၈၆၉၂၁)၊ ဦးအောင်ဇော်ထက်(၉/အမဇ(နိုင်)၀၄၀၀၂၄)၊ ဒေါ်ခင်မြတ်မွန်(၉/အမဇ(နိုင်)၀၄၀၀၂၃)၊ ဒေါ်နီနီဝင်း(၉/မနတ(နိုင်)၁၀၀၉၁၂)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၃)၊ ဦးပိုင်အမှတ်(၂၁၈)၊ ၂၆လမ်းနှင့်၂၈လမ်းကြား၊ ၅၈လမ်းနှင့်၅၉လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးညိုကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၃၉၆/၂၀၂၄)ဖြင့် ဇနီး ဒေါ်သိန်းနွဲ့က အမွေဆက်ခံခဲ့ပြီး မိခင် ဒေါ်သိန်းနွဲ့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဒေါ်ခင်စိုးပိုင်(၉/ပသက(နိုင်)၀၀၂၄၂၄)၊ ဦးကျော်မျိုးနိုင်(၉/ပသက(နိုင်)၀၀၂၅၃၂)၊ ဦးထွန်းမင်းနိုင်(၉/ပသက(နိုင်)၀၆၇၈၇၅)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့် အပြန်အလှန်စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## မြေငှားဂရန် ဦးပိုင်ခွဲ ကြော်ငြာစာ

**ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

| စဉ် | လျှောက်ထားသူ | လျှောက်ထားသည့်မြေ | | | | | လျှောက်ထားသည့် | အမှုတွဲအမှတ် |
|---|---|---|---|---|---|---|---|---|
| | အမည်/မှတ်ပုံတင် | မြို့နယ် | ကျေးရွာအုပ်စု | ကွင်း/အကွက်အမှတ်နှင့်အမည် | ဦးပိုင်အမှတ်/မြေကွက်အမှတ် | ဧရိယာ(ဧက) | အကြောင်းအရာ | |
| ၁။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၃၇/၁/၄ | ၀.၅၅ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၄၂/၂၀၂၄-၂၀၂၅ |
| ၂။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၃၉/၄/၁ | ၀.၃၂ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၄၃/၂၀၂၄-၂၀၂၅ |
| ၃။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၃၉/၄/၂ | ၀.၃၃ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၄၄/၂၀၂၄-၂၀၂၅ |
| ၄။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၃၉/၄/၃ | ၀.၃၂ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၄၅/၂၀၂၄-၂၀၂၅ |
| ၅။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၃၉/၇/၁ | ၀.၂၉ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၄၆/၂၀၂၄-၂၀၂၅ |
| ၆။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၃၉/၇/၂ | ၀.၅၄ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၄၇/၂၀၂၄-၂၀၂၅ |
| ၇။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၃၉/၇/၃ | ၀.၅၅ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၄၈/၂၀၂၄-၂၀၂၅ |
| ၈။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၃၉/၇/၄ | ၀.၅၅ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၄၉/၂၀၂၄-၂၀၂၅ |
| ၉။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၃၉/၇/၅ | ၀.၅၇ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၅၀/၂၀၂၄-၂၀၂၅ |
| ၁၀။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၃၉/၇/၆ | ၀.၄၄ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၅၁/၂၀၂၄-၂၀၂၅ |
| ၁၁။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၃၉/၇/၇ | ၀.၂၉ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၅၂/၂၀၂၄-၂၀၂၅ |
| ၁၂။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၄/၁ | ၀.၃၂ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၅၃/၂၀၂၄-၂၀၂၅ |
| ၁၃။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၄/၂ | ၀.၃၂ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၅၄/၂၀၂၄-၂၀၂၅ |
| ၁၄။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၄/၃ | ၀.၃၂ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၅၅/၂၀၂၄-၂၀၂၅ |
| ၁၅။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၆/၁ | ၀.၂၇ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၅၆/၂၀၂၄-၂၀၂၅ |
| ၁၆။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၆/၂ | ၀.၃၂ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၅၇/၂၀၂၄-၂၀၂၅ |
| ၁၇။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၆/၃ | ၀.၉၀ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၅၈/၂၀၂၄-၂၀၂၅ |
| ၁၈။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၆/၄ | ၀.၉၆ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၅၉/၂၀၂၄-၂၀၂၅ |
| ၁၉။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၀/၁ | ၀.၇၀ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၆၀/၂၀၂၄-၂၀၂၅ |
| ၂၀။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၀/၂ | ၀.၇၉ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၆၁/၂၀၂၄-၂၀၂၅ |
| ၂၁။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၀/၃ | ၀.၈၇ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၆၂/၂၀၂၄-၂၀၂၅ |
| ၂၂။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၀/၄ | ၀.၉၀ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၆၃/၂၀၂၄-၂၀၂၅ |
| ၂၃။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၀/၅ | ၀.၉၉ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၆၄/၂၀၂၄-၂၀၂၅ |
| ၂၄။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၉/၁ | ၀.၃၀ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၆၅/၂၀၂၄-၂၀၂၅ |
| ၂၅။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၉/၂ | ၀.၄၅ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၆၆/၂၀၂၄-၂၀၂၅ |
| ၂၆။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၉/၃ | ၀.၅၃ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၆၇/၂၀၂၄-၂၀၂၅ |
| ၂၇။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၄၉/၄ | ၀.၆၁ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၆၈/၂၀၂၄-၂၀၂၅ |
| ၂၈။ | ဝွံ့ပြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရကြည် | ၅၄၈/ရကြည်အရှေ့ | ၅၀ | ၀.၀၃၉ | မြေငှားဂရန်ဦးပိုင်ခွဲ | ၄၆၉/၂၀၂၄-၂၀၂၅ |

**အောင်မြေသာစံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

# (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၃

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (32nd ASEAN Armies Rifle Meet– 32nd AARM)ပိတ်ပွဲသို့ တက်ရောက်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ Mabalacat မြို့၌ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် Tarlas မြို့ Camp O'Donnell ရှိ လက်နက်ငယ်ကျွမ်းကျင်မှု လေ့ကျင့်ရေးကွင်း၌ ကျင်းပပြုလုပ်သည့် (၃၂)ကြိမ်မြောက်အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (32nd ASEAN Armies Rifle Meet – 32nd AARM) ပိတ်ပွဲအခမ်းအနားသို့အာဆီယံနိုင်ငံများမှကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အတူ တက်ရောက်ခဲ့သည်။

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့သည်။ ဆုချီးမြှင့်ပွဲအပြီးတွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နေသည့် သေနတ်ပစ်အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။ (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် သေနတ်ပစ်အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်သည့်အနက် မြန်မာ့တပ်မတော်ကိုယ်စားပြု အသင်းအနေဖြင့် အမှတ်ပေးပစ်ခတ်စဉ်များတွင် နိုင်ငံအလိုက် အဆင့်(၄)၊ အမှတ်ပေးပစ်ခတ်စဉ်နှင့် ထိလဲပြား ပစ်ခတ်စဉ် စုစုပေါင်းတွင် နိုင်ငံအလိုက် အဆင့်(၃) ရရှိခဲ့သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် Camp O'Donnell ရှိ ဖိလစ်ပိုင်ကြည်းတပ် ဗိုလ်သင်တန်းကျောင်း၌ ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် Lt. Gen Roy M Galido က တည်ခင်းဧည့်ခံသော အထူးနေ့လယ်စာစားပွဲသို့ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့သည်။




ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံရုံးယာယီတာဝန်ခံနှင့်ဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကားပြောကြားစဉ်။



ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

### ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် စကားပြောကြား

ထို့ပြင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် Hilton Clark Hotel ရှိ Meeting Room-1 ၌ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံရုံးယာယီတာဝန်ခံနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြား၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခုနစ်ခုတို့ ရရှိခဲ့ပြီး နိုင်ငံအလိုက် တတိယအဆင့်တွင် ရပ်တည်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၃

ဖိလစ်ပိုင်နိုင်ငံတွင် နိုဝင်ဘာ ၁၂ ရက်မှ ၂၃ ရက်ထိကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (32nd ASEAN Armies Rifle Meet – 32nd AARM)ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့ညပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ လေဆိပ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။



မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ ပါဝင်ခဲ့ကြပြီး ပစ္စတိုအမျိုးသားအသင်း၊ ပစ္စတိုအမျိုးသမီးအသင်း၊ ကာဘိုင်အမျိုးသားအသင်း၊ ရိုင်ဖယ်အမျိုးသားအသင်းနှင့် စက်သေနတ် အမျိုးသားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် ခြောက်ခု၊ အသင်းလိုက်ထိ လဲပြားပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် တစ်ခုတို့ရရှိခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ခုနစ်ခု ဆွတ်ခူးရရှိခဲ့ကာ နိုင်ငံအလိုက် တတိယအဆင့်တွင် ရပ်တည်နိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်တစ်ဦး၏ စကားသံများကို ယခုကဲ့သို့ကြားသိရပါသည် -

"အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ခဲ့ရခြင်းကြောင့် အတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။ နိုင်ငံခြားမှာ သွားရောက်ယှဉ်ပြိုင်ရတဲ့အတွက် နိုင်ငံတကာအတွေ့အကြုံကတော့များစွာရရှိပါတယ်။ ကျွန်တော့်အတွက်တော့ နိုင်ငံခြားကို သွားရောက်ယှဉ်ပြိုင်ရတဲ့ ပထမဆုံးအတွေ့အကြုံဖြစ်ပါတယ်။ တခြားနိုင်ငံက သေနတ်တွေနဲ့ ကျွန်တော်တို့ရဲ့ပြည်တွင်းထုတ်သေနတ်တွေနဲ့ ယှဉ်ပြိုင်ရတဲ့အတွက် ကိုယ့်နိုင်ငံထုတ်သေနတ်တွေနဲ့ ယှဉ်ပြိုင်ပြီးအခုလိုဆုဖလားရရှိတဲ့အတွက် များစွာအတိုင်းမသိဝမ်းသာမိပါတယ်။ ပြိုင်ပွဲမှာ ကျွန်တော်တို့နည်းပြတွေ သင်ကြားပေးတဲ့ နည်းစနစ်အတိုင်းလိုက်နာပြီး ကြိုးစားယှဉ်ပြိုင်ခဲ့ပါတယ်။ စက်သေနတ်အသင်းအနေနဲ့ အသင်းလိုက် ပြိုင်ပွဲ ပွဲစဉ်(၂)မှာ ရွှေတံဆိပ်ဆုနှစ်ဆုရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်"။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၃

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**